# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 January 2026 ၁၂၀၇၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# NCA သဘောတူညီချက်များကို လက်တွေ့အသုံးချ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်

# ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ပေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၂၆) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထွက်ပေါ်လာမည့် အစိုးရအသစ်ကို နိုင်ငံ့တာဝန်များလွှဲပြောင်းပေးအပ်ပြီး ၎င်းတို့၏တာဝန်များကို အကောင်းဆုံးဖြစ်အောင် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။


ယနေ့ ဖတ်စရာ

အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပ လျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲ ရန်ကုန်မြို့၌ ပြုလုပ် စာမျက်နှာ » ၇

နီပါးရ်ပိုင်းရပ်စ်အကြောင်း သိကောင်းစရာ ဆောင်းပါး စာမျက်နှာ » ၈

မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် အွန်လိုင်းမှဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရွှေ့ပြောင်းစမ်းသပ်မှုစတင် စာမျက်နှာ » ၉

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည် စာမျက်နှာ » ၁၅





ကြေးမုံ

# ဖျက်ဆီးနှောင့်ယှက်မှုများကျော်လွှား ဒီမိုကရေစီနိုင်ငံအကောင်အထည်ဖော်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို သွေဖည်ပြီး နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးပမ်းမှုများကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ခေတ္တရယူပြီး ချမှတ်ခဲ့သည့် ကတိကဝတ်များနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ပြန်လည်ကျင်းပပေးခဲ့သည်။ တရားမျှတသည့် ရွေးကောက်ပွဲရလဒ်နှင့်အညီ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ပေးရမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူများ လိုလားတောင့်တသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အပိုင်း(၃)ပိုင်းခွဲပြီး ကျင်းပပေးခဲ့ရာ အကြမ်းဖက်အဖျက်သမားများ၏ အဖျက်အမှောင့် အနှောင့်အယှက်များကြားမှ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ရွေးကောက်ပွဲတွင် နိုင်ငံတော်အစိုးရနှင့် မဲဆန္ဒရှင်ပြည်သူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုရမည်ဖြစ်သလို ရွေးကောက်ပွဲပျက်ပြားစေရန်အတွက် အဖျက်အမှောင့် အနှောင့်အယှက်များ ပြုလုပ်ခဲ့ကြသည့် သောင်းကျန်းသူအကြမ်းဖက်သမားများနှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများအား ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်သည်။ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုများအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အကြိုကာလမှစ၍ ရွေးကောက်ပွဲအပိုင်း(၃) နောက်ဆုံးကျင်းပသည့်နေ့အထိ အဖျက်အမှောင့် အနှောင့်အယှက် ဖျက်ဆီးမှုမျိုးစုံတို့ကို မြို့နယ်ပေါင်း ၄၁ မြို့နယ်တွင် ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေသည့်အချိန်တွင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးရေး၊ အစိုးရနှင့် ပြည်သူတို့၏ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှုများကို မလိုလားဘဲ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ပျက်စီးစေပြီး ရွေးကောက်ပွဲ အထမမြောက် မအောင်မြင်စေရေး၊ အေးချမ်းစွာ မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ အထိတ်တလန့်ဖြစ်စေရေး၊ မဲပေးနိုင်ခြင်းမရှိစေရေးစသည့် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း နှောင့်ယှက်ဖျက်ဆီးခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ် ၁၀၂ မြို့နယ်၌လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ၁၀၀ ၌လည်းကောင်း၊ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြို့နယ် ၆၁ မြို့နယ်၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ မဲဆန္ဒရှင်ပြည်သူများက နံနက် ၆ နာရီမှ မဲရုံပိတ်သိမ်းသည်အထိ မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သော သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံသားတစ်ယောက်၏တာဝန်ကို ကျေပွန်စွာဖြင့် ဂုဏ်ယူဆောင်ရွက်ခဲ့ကြပြီး ဆန္ဒမဲပေးခဲ့ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး စုစုပေါင်း ၅၇ ပါတီ ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပရန် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၂၆၃ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပခဲ့ရာ နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၊ သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် စိတ်အားထက်သန်စွာ မဲပေးခဲ့ကြသည့် ပြည်သူများ၏ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ရာ ဒီမိုကရေစီစနစ်ကို အသိအမှတ်ပြုထောက်ခံမှုများနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်ကို ဆက်လက်တည်ဆောက်နိုင်ရန်အတွက် အကြမ်းဖက်အဖျက်သမားများအား ဝိုင်းဝန်းဖယ်ရှားကြရမည်ဖြစ်ပါကြောင်း။ ။




## စစ်ကိုင်းမြို့နယ်၌ VDP စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာများအား ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း ဇန်နဝါရီ ၂၇**

စစ်ကိုင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း VDP စီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုနှင့် အင်ဂျီနီယာအဖွဲ့များ၊ စီမံကိန်းကော်မတီဝင်များက ယမန်နေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကွင်းဆင်းစစ်ဆေး**

စစ်ကိုင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း VDP စီမံကိန်းဖြင့် ကျောက်တာကျေးရွာ၊ ရေခါးကျေးရွာ၊ တောင်ညိုကျေးရွာများတွင် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းများအား နိုင်ငံတော်မတည်ငွေကျပ် ၄၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈ ဒသမ ၉၈ သန်း စုစုပေါင်းငွေကျပ် ၇၃ ဒသမ ၉၈ သန်း ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ သတ်မှတ်အရှည်အသွေး၊ စံချိန်စံနှုန်းများပြည့်မီခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ၂၇ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁၁၅ | ၉၆၇,၂၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၁၃၇ | ၅၁၃,၇၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၅၈ | ၄၆၉,၈၀၀ |
| FPB | ၂,၈၀၀ | ၂,၈၀၀ | ၃၇ | ၁၀၃,၆၀၀ |
| TMH | ၃,၂၅၀ | ၃,၂၀၀ | ၄၁ | ၁၃၆,၂၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၆,၂၀၅ | ၉,၉၂၈,၀၀၀ |
| AMATA | ၃,၉၀၀ | ၄,၁၀၀ | ၁၀ | ၄၀,၄၀၀ |
| MAEX | ၃,၀၀၀ | ၃,၀၅၀ | ၂,၂၆၂ | ၆,၈၆၃,၁၀၀ |
| MADPL(PLB) | ၂,၅၅၀ | ၂,၆၀၀ | ၈၉ | ၂၂၈,၉၀၀ |
| ASPGB(PLB) | ၃၃,၀၀၀ | ၃၃,၀၀၀ | ၇ | ၂၃၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၃ / ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )**

### စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ်၊ ၄ / ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )**

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ)အရ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

❂ ရှေ့ဖုံးမှ

ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲအနေဖြင့် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်သူလူထုမှ လွတ်လပ်စွာ မိမိတို့သဘောဆန္ဒများအလျောက် စည်းကမ်းရှိပြီး နိုင်ငံကြီးသားပီသစွာ လိုလိုလားလားဖြင့် လာရောက်ဆန္ဒမဲပေးကြသည်ကို တွေ့ရမြင်ရကြောင်း၊ ထိုသို့ဆောင်ရွက်မှုများမှာ ပြည်သူလူထုမှ အစိုးရအပေါ်လိုလားလက်ခံသည့် အပြုအမူများဖြစ်သည့်အတွက် အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### ပြည့်စုံမှန်ကန်သည့်ရလဒ်များ ဖြစ်ပေါ်စေခဲ့

နိုင်ငံတကာ စောင့်ကြည့်လေ့လာရေး အဖွဲ့များကလည်း ယခုရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို အနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ မဲပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မဲရုံဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ခုလုံး သမာသမတ်ကျစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်များကို အသုံးပြုခဲ့သည့်အတွက် မဲပေးခြင်း၊ မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စေပြီး ပြည့်စုံမှန်ကန်သည့်ရလဒ်များ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည့်စုံကောင်းမွန်သည့် လုံခြုံရေး ဆောင်ရွက်ထားမှု များကြောင့် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ထမ်းဆောင်သူများနှင့် အခြားသက်ဆိုင်သူများအားလုံး လုံခြုံစိတ်ချစွာဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်ဟု သဘောထားမှတ်ချက်များ ပြုခဲ့ကြသည်ကိုတွေ့ရှိရသဖြင့် လွတ်လပ်၍ တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲ ဖြစ်သည့်အတွက် NCA သဘောတူညီချက်များကို လက်တွေ့အသုံးချ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင်လည်း လူငယ်များပါဝင်မှုကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာဖြင့် ထိတွေ့ဆက်ဆံပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်အတွက် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်အတွင်း ကောင်းမွန်သည့် ရလဒ်များနှင့် တိုးတက်အောင်မြင်မှုအခြေအနေများကို နိုင်ငံတကာမှသိရှိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများကလည်း မူဝါဒ၊ လမ်းညွှန်ချက်များ နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံ မပေါ်ပေါက်လာစေရေးတို့အတွက် အမြစ်ဖြတ်နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခြင်း၊ ရန်ကုန်မြို့အခြေစိုက် သံတမန်နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သတင်းစာရှင်းလင်းပွဲများကျင်းပ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် နယ်စပ်ဖြတ်ကျော် ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အမြစ်ပြတ်သည်အထိ ဆက်လက်ဖော်ထုတ်၍ ထိရောက်သည့် ပြစ်ဒဏ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများသည် နိုင်ငံတော်လုံခြုံရေး (National Security) ကို ခြိမ်းခြောက်နိုင်သည့်အတွက် ၎င်းကိစ္စရပ်များကို ထိရောက်စွာ တိုက်ဖျက်ခြင်းအားဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင် ကုန်သွယ်မှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်သူလူထု အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမြစ်ပြတ်သည်အထိ ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

### နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆောင်ရွက်

**“နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်သည်”** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း နိုင်ငံ၏ အခြေခံ အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကိုဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားထားပြီးဖြစ်၍ အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါးကိုအခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ၊ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့်ဆီထွက်သီးနှံဖြစ်သည့် နေကြာကိုလည်း ပိုမိုတိုးမြှင့် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စားရေးကိုအထောက်အကူပြုစေသည့် အသားစားကြက်၊ ဥစားကြက်၊ ဘဲ၊ ငါး၊ ဝက်နှင့် နို့စားနွားမွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန် လိုအပ်ကြောင်းနှင့် နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် လိုအပ်သည့် ဇီဝမြေသြဇာများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ အခြေခံပညာ အလယ်တန်းအဆင့် (KG+9)ကို မသင်မနေရ အဆင့်သတ်မှတ်ပြီး ပညာရေး အဆင့်မြှင့်တင်နေပြီဖြစ်ကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံဗဟုသုတများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း အခြေခံပညာ ကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်သည့်အတွက် အောင်မြင်စွာဖြေဆိုနိုင်ရေး ဆရာ ဆရာမများနှင့် မိဘများပူးပေါင်း၍ ကျောင်းသား ကျောင်းသူများကို တိုက်တွန်းအားပေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာရေး ဥပဒေနှင့် အမျိုးသားပညာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ပညာရေးများမှ သင်ရိုးညွှန်းတမ်းများသည် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးစသည့် ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာကဲ့သို့သော သင်ကြားသင်ယူမှု ဘာသာစကားများကို မဖြစ်မနေ သင်ကြားပေးမှုသာ အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက “မိမိတို့ပြည်သူများ အခြေခံကျန်းမာရေး ကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် အာဟာရဆိုင်ရာ သုတေသနများ၊ အစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာ သုတေသနများ၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ပြုမူရေးနှင့် ပတ်သက်သည့်လက်တွေ့အသုံးချ ကျန်းမာရေး သုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆိုပါသုတေသန တွေ့ရှိချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှု ပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း”ကို လမ်းညွှန်မှာကြားခဲ့သဖြင့် လိုက်နာအကောင်အထည် ဖော်ကြရန်လိုအပ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံကိန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ လျာထားတွက်ချက်ရန်လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာ ဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို ပြည်သူလူထုနှင့် ပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၂၇

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ) အမျိုးသမီး အရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တက်ရောက်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၀၇ ဗိုလ် ကောင်းထက်ဝေအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)မှ ရေကြောင်းအင်ဂျင်နီယာပညာ စာပေထူးချွန်ဆုရ ရေ ၅၈၁၀ ဗိုလ် သူရိန်မြင့်အောင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ် သင်တန်းအမှတ်စဉ် (၁၀)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ် ဒေါ်လပြည့်ဝင်းအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်း၊ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအားအလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ် မင်းသွေးခန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ် ဇော်ဖြိုးအောင် တို့အားလည်းကောင်း၊ တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသား ဆုရ ရေ ၅၈၀၇ ဗိုလ် ကောင်းထက်ဝေနှင့် ရေကြောင်းအင်ဂျင်နီယာပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၀ ဗိုလ် သူရိန်မြင့်အောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ) အမျိုးသမီး အရာရှိငယ် သင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ် ဒေါ်လပြည့်ဝင်းနှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ် ဒေါ်ချစ်မေဇင်တို့အားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အနေဖြင့် တပ်မတော်(ရေ)အတွက်သာမက နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ကြောင်း၊ **စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

သင်တန်းကာလအတွင်း စာတွေ့သင်ကြားခဲ့သည့်အပြင် ရေယာဉ်အခြေပြု လက်တွေ့လေ့ကျင့်မှု (Afloat Training)များကို စစ်ရေယာဉ်များတွင် တွဲဖက်လေ့ကျင့်သင်ကြားခြင်းများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်သည့် စစ်ရေယာဉ်များနှင့် ပင်လယ်ပြင်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် လိုက်ပါစေ၍ ပင်လယ်ပြင် လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ရေတပ်စစ်နည်းဗျူဟာများကို အခြေခံကျကျသိရှိတတ်မြောက်မှသာလျှင် အောင်မြင်စွာဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် အခြေခံရေတပ်စစ်နည်းဗျူဟာသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ရေတပ်အရာရှိဘဝ တစ်လျှောက်လုံး လေ့လာသင်ယူသွားကြရန် အထူးလိုအပ်ကြောင်း။

**လေ့ကျင့်သင်ကြားပေး**

ခေါင်းဆောင်မှု ဆိုသည်မှာ မွေးရာပါအရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရခြင်းဖြစ်သည့်အတွက် တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ရပ်နှင့် ပြည့်စုံရန် ကိုယ်တိုင် ကြိုးစားလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ရှိ အင်ဂျင်နီယာအရာရှိ၊ စစ်သည်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် တန်ချိန်ပေါင်း ၃၅၀၀ ရှိသည့် ဖရီဂိတ်အမျိုးအစား စစ်ရေယာဉ်ကြီးအပါအဝင် အခြားစစ်ရေယာဉ် အမျိုးအစားစုံတို့ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အတွက် လိုအပ်သည့် ရေယာဉ် အမျိုးအစားများကိုလည်း ဆက်လက်တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိ၊ စစ်သည်များကို လှိုင်းလေကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် အမျိုးသားအရာရှိ၊ စစ်သည်များနည်းတူ စိတ်ဓာတ်ပိုင်းနဲ့ ကိုယ်ခန္ဓာပိုင်း ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးလျက် ရှိကြောင်း၊ ရေကူးနှင့် လှေလှော်ရွက်တိုက်တို့ကို ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်(ရေ) အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့် အတူ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက် စစ်ဆင်ရေး၊ စစ်ဘက် သယ်ယူပို့ဆောင်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း။

အရာရှိများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပေးအပ်သော တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်မည် ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်း ဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒ/ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် လေ့လာနေရမည် ဖြစ်ပြီး အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိမြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို မျက်ခြည်မပြတ်စေရေး လေ့လာမှတ်သားနေရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်မှု အင်္ဂါရပ်(၁၆)ချက်နှင့်အညီ ပြုမူနေထိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ အမိန့်နှင့်စည်းကမ်းကို စံနမူနာပြလိုက်နာပြီး ပေးအပ်လာမည့်တာဝန်များကို စွမ်းရည်ပြည့်ဝစွာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စည်းကမ်းကောင်းမွန်သော ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ **“လှိုင်းလေခက်ထန်ကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် လူပျော့လူညံ့များအတွက် နေရာမရှိ”**ဆိုသည့် စကားအတိုင်း ကျန်းမာကြံ့ခိုင်သော ပင်လယ်ပျော်ရေတပ်သားများ ဖြစ်စေရေး လေ့ကျင့်၍ **“လှေခွက်ချည်းကျန်အလံမလှဲ”** စိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**တက်ရောက်**

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုး များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့နှင့် တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့၏ တေးသီချင်းများနှင့် တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများအား ကြည့်ရှုအားပေးသည်။

ညစာစားပွဲ အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းသည် ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ယနေ့နံနက်၁၁နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် နှစ်နိုင်ငံကြား ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုဟာမက် အီရှပ်ဒါး၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာမိုဟာမက် ရှီဘက် ရှာရစ်ဖ်အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုကဏ္ဍတို့အပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အာဆီယံ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဖွင့်

**အိမ်မဲ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေယံစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

အိမ်မဲမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲအခမ်းအနားအား မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့အား ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ သင်တန်းဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းကိုအောင်**

✲ ကျောဖုံးမှ

တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများ၊ အချိုရည်များ၊ အိုးစည်ဒိုးပတ်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ဟိုတယ်ဇုန် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ (အပတ်စဉ်-၁၃) သင်တန်းဆင်းပွဲ ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၇**

ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ (အပတ်စဉ်-၁၃) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်(၁)ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ နေပြည်တော်ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့်သင်တန်းသား သင်တန်းသူများ ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခြင်းဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် အထောက်အပံ့ဖြစ်စေပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း မိမိတို့ စာတွေ့/လက်တွေ့ လေ့လာဆည်းပူးသင်ယူခဲ့ကြသည့် ဝန်ဆောင်မှုဆိုင်ရာပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဟိုတယ်၏ ဝန်ဆောင်မှုကောင်းမွန်စေရေးနှင့် နိုင်ငံ၏ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)ဥက္ကဋ္ဌက သင်တန်းဆင်းဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းမှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အမြဲတမ်းအတွင်းဝန်က သင်တန်းနည်းပြ ဆရာ ဆရာမများကို ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)ဥက္ကဋ္ဌက သင်တန်းသားများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား Front Office သင်တန်းမှ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ (အပတ်စဉ်-၁၃)ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဟိုတယ်၊ မိုတယ်များမှ ဝန်ထမ်းများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပါအဝင် စုစုပေါင်း သင်တန်းသား ၉၈ ဦးဖြင့် ဖွင့်လှစ်ပို့ချဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ဘားအံ)မောင်မယ်သစ်လွင်ကြိုဆို




**ဘားအံ ဇန်နဝါရီ ၂၇**

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုနှင့် သားဖွား သင်တန်းကျောင်း (ဘားအံ)၏ ၂၀၂၆ ပညာသင်နှစ် ပထမနှစ် သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်းသို့ တက်ရောက်ကြမည့်သင်တန်းသား သင်တန်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်းကို မြှင့်တင်နိုင်ရန် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် သူနာပြုများမွေးထုတ်ပေးနိုင်ရေးအတွက် သူနာပြုသင်တန်းကျောင်း (ဘားအံ)ကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သူနာပြု-သားဖွား ဦးရေ ၁၄၁၃ ဦးကို ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကရင်ပြည်နယ် ဒေသအသီးသီးမှ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအပေါ် မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိပြီး လိုအပ်သည့် ကူညီဖြည့်ဆည်းမှုများကိုလည်း အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကာ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာ၍ အရည်အချင်းရှိသော သူနာပြုများဖြစ်အောင်၊ ပြည်သူအတွက် အားကိုးအားထားပြုရသော သူနာပြုများဖြစ်အောင် သင်တန်းကာလအတွင်း အပတ်တကုတ်ကြိုးစား လေ့လာဆည်းပူးကြရန် အရေးကြီးကြောင်း တိုက်တွန်းပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူ ၇၁ ဦးအတွက် ငွေကျပ် ၁၄၂၀၀၀၀ ကို သင်တန်းသား သင်တန်းသူများထံ ချီးမြှင့်ပေးအပ်ပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်နီနီချိုက မောင်မယ်သစ်လွင် သင်တန်းသား သင်တန်းသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒေသအလိုက် သစ်လွင်သူနာပြု သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ King & Queen ရွေးချယ်၍ ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဝါးလက်မှုထုတ်ကုန်ပစ္စည်းအမျိုးမျိုးဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းပြပွဲကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၇**

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဆိုင်ရာ ပြည်သူအခြေပြု အသေးစားစီးပွားရေးလုပ်ငန်းများ သရုပ်ပြတည်ထောင်ခြင်းစီမံကိန်း၏ ဝါးလက်မှုထုတ်ကုန် ပစ္စည်းအမျိုးမျိုး ဈေးကွက် မြှင့်တင်ရေးနှင့် အရောင်းပြပွဲကို ယနေ့နံနက် ၉ နာရီတွင် Kumudra Grand Ballroom, Hotel Max, Naypyitaw ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝါးသည် ကမ္ဘာပေါ်တွင် အကြီးမြန်ဆုံးအပင်များအနက် တစ်မျိုးဖြစ်ပြီး အချိန်တိုအတွင်း အသုံးချနိုင်သော အရွယ်အစားရရှိသည့်အပြင် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏများစွာကို စုပ်ယူနိုင်ပြီး ရေတိုက်စားမှုကိုလည်း အထူးကာကွယ်ကြောင်း၊ ဝါးလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ခြေလှမ်းအသစ်ဖြစ်ရုံသာမက ရေရှည်တည်တံ့သော စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပြိုင်တည်း အထောက်အကူပြုနိုင်ကြောင်း၊ ထို့ပြင် စီးပွားရေး ဦးတည်ချက်(၄)ရပ် အနက် တတိယ ဦးတည်ချက်နှင့်အညီ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောကဏ္ဍအနေဖြင့် သစ်၊ ကြိမ်၊ ဝါး အသုံးပြုထုတ်လုပ်သော စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှု မြင့်မားလာစေရေး၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရေး၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များ ရရှိရေးနှင့် နည်းပညာများပေါင်းစပ် ဆောင်ရွက်နိုင်ရေး၊ အနာဂတ်ကာလတွင် ဝါးလက်မှုကဏ္ဍကို ဆက်လက်ဖွံ့ဖြိုးစေရန် အားလုံးပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဝါးလက်မှုလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ ပညာရှင်များက အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်း / တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဌာနမှတာဝန်ယူဆောင်ရွက်သော ရွှေမြင်တင်ကျောင်းလမ်းကတ္တရာခင်းခြင်း (၀/၅.၅မိုင် x ၁၂ပေ x ၉လက်မ) လုပ်ငန်းအား တာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကတ္တရာခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မေချို**



## သဘောထားထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် အကြောင်းခြင်းရာများသည် ဥပဒေရေးရာကိစ္စတစ်ခုတည်းမဟုတ်ဘဲ မိမိတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပြည်ထောင်စုဖွား နိုင်ငံသား/တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေး အကျိုးစီးပွား၊ နိုင်ငံ့နယ်နိမိတ် အပိုင်းအခြားနှင့် နိုင်ငံတော်လုံခြုံမှု ကာကွယ်ရေးတို့ပါ ထိခိုက်လာစေနိုင်သည့်အတွက် နိုင်ငံတကာတရားရုံး (ICJ)တွင် နိုင်ငံတကာ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရပ်တည်ဖြေရှင်းနေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ကိုယ်စား နိုင်ငံတကာတရားရုံး(ICJ)သို့ သွားရောက်၍ မိမိတို့နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံသား/တိုင်းရင်းသားပြည်သူလူထုတို့၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွားများနှင့်သက်ဆိုင်သည့် မတရားစွပ်စွဲချက်ကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ ပကတိဖြစ်စဉ်အမှန်တရားများကို ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ထား ကြိုဆိုထောက်ခံပါကြောင်းနှင့် ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒ လုပ်ငန်းစဉ်များနှင့် တစ်သွေးတည်း၊ တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

## ရခိုင်တိုင်းရင်းသားများပါတီ(RNP) သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၆)

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်**

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်စပ်လျဉ်း၍ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာတရားရုံး(ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား စွပ်စွဲခဲ့သည်မှာ ၆ နှစ်ကျော်မျှ ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ၎င်း တရားစွဲဆိုမှုသည် မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတစ်ရပ်ရပ်အား စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား စွဲဆိုခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။

၃။ ထိုတရားစွဲဆိုမှု၏ နောက်ဆက်တွဲ အကျိုးဆက်အား အလျှင်ဆုံးခံစားရမည့်သူများမှာ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။

၄။ ရခိုင်တိုင်းရင်းသားပြည်သူများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားမိဘပြည်သူများကိုယ်စား အမှန်တရားအတွက် နိုင်ငံတကာတရားရုံး(ICJ)တွင် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့အတွင်း ခုခံချေပလျှောက်လဲလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရခိုင်တိုင်းရင်းသားများပါတီ(RNP)အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ရခိုင်တိုင်းရင်းသားများပါတီ**

## ဂမ်ဘီယာနှင့် မြန်မာအမှု၏ ကြားနာပွဲ ဆက်လက်ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing ) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ပြုလုပ်လျက်ရှိရာ ဂမ်ဘီယာက ဒုတိယအကျော့ လျှောက်လဲမှုကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက စတင်သည်။

ကြားနာပွဲသို့ ယခင်တက်ရောက်နေကျ တရားသူကြီး ၁၄ ဦးအပြင် တရုတ်နိုင်ငံတရားသူကြီး Mrs. Xue ပါဝင်ခဲ့ပြီး စုစုပေါင်း တရားသူကြီး ၁၅ ဦး တက်ရောက်သည်။

ဂမ်ဘီယာနိုင်ငံ၏ ဦးဆောင်ရှေ့နေနှင့် ရှေ့နေများက မြန်မာနိုင်ငံသည် ဘင်္ဂါလီများအား လူမျိုးသုဉ်းစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်း စွပ်စွဲလျှောက်လဲခဲ့ကြပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဂမ်ဘီယာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲချက်များကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပလျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲ ရန်ကုန်မြို့၌ ပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် တရားမျှတသော အမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပလျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ယာဉ်ရပ်နားကွင်း၌ ပြုလုပ်သည်။

ဦးစွာ ထောက်ခံပွဲ တက်ရောက်လာကြသည့် ပြည်သူများက နိုင်ငံတော်သီချင်း သံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ဆရာတော် အရှင်သုစိတ္တနှင့် ဦးဝင်းကိုကိုလတ်တို့က အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)တွင် နိုင်ငံတကာဥပဒေများနှင့်အညီ တုံ့ပြန်ချေပလျှောက်လဲနေသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ထောက်ခံအားပေး ဂုဏ်ပြုကြောင်း ဟောပြောကြသည်။

ယင်းနောက် သဘောထားထုတ်ပြန်ချက်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဦးထိန်လင်းက ဖတ်ကြားပြီး ကြွေးကြော်သံများ စုပေါင်းကြွေးကြော်ကာ ထောက်ခံပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာနိုင်ငံအတွက် ခုခံချေပလျှောက်လဲလျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံ

**မော်လမြိုင် ဇန်နဝါရီ ၂၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ပြုလုပ်လျက်ရှိပြီး နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တရားမျှတမှုနှင့် အမှန်တရားကို လက်ကိုင်ထား၍ မြန်မာနိုင်ငံအတွက် ခုခံချေပလျှောက်လဲလျက်ရှိရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်အတွင်းရှိတိုင်းရင်းသား ပြည်သူအပေါင်းက ကြိုဆိုထောက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့၌ ပြုလုပ်သည်။

ဦးစွာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံများ ကိုင်ဆောင်ကာ မော်လမြိုင်မြို့ ပြည်နယ်ခန်းမမှ မြစ်ကမ်းသာကစားကွင်းအထိ ကမ်းနားလမ်းတစ်လျှောက် စီတန်းချီတက်ပြီး ကြိုဆိုထောက်ခံကြသည်။

ထို့နောက် မြစ်ကမ်းသာကစားကွင်း၌ ပြည်သူများက နိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်း သံပြိုင်သီဆိုကြသည်။

ယင်းနောက် ဆရာတော် ဦးတေဇဝံသနှင့် ဦးဇော်ဟိန်းတို့က မိမိတို့ နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေနှင့်အညီ ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝ ကြိုဆိုထောက်ခံပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ကိုယ်စား ICJ သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိနေကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။



**စည်သူ(ပြန်/ဆက်)**

# နီပါးရ်ဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ

ဒေါက်တာသန်းနိုင်စိုး

### ရောဂါပိုးစတင်တွေ့ရှိပုံနှင့် တွေ့ရှိရာဒေသများ

နီပါးရ်ဗိုင်းရပ်စ် (Nipah virus–Niv)ကို ၁၉၉၉ ခုနှစ်တွင် မလေးရှားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းရှိ နက်ဂရီ ဆင်းဘီလန် (Negeri Sembilan) ပြည်နယ် ပို့ဒစ်ဆင် (Port Dickson) ခရိုင် ဆွန်ဂိုင်းနီပါးရ် (Sungai Nipah) ရွာ၌ ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့စဉ်က စတင်တွေ့ရှိခဲ့ပြီး အဆိုပါရွာကို အစွဲပြု၍ "နီပါးရ်ဗိုင်းရပ်စ်" ဟု အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ နီပါးရ်ဗိုင်းရပ်စ်သည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကဲ့သို့ အသစ်ပေါ်ပေါက်လာသည့် ဗိုင်းရပ်စ်ပိုးမဟုတ်ကြောင်း ဦးစွာတင်ပြလိုပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဤရောဂါကို ၂၀၀၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ရာမှ နှစ်စဉ်နီးပါး ရောဂါဖြစ်ပွားမှုများရှိခဲ့ပြီး အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသများတွင်လည်း ရောဂါဖြစ်ပွားမှုများရှိကြောင်း သိရပါသည်။ သို့ရာတွင် အဆိုပါရောဂါဖြစ်ပွားသည့် နေရာဒေသများမှ အဆိုပါနိုင်ငံများ၏ နိုင်ငံတွင်း အခြားဒေသများနှင့် နိုင်ငံတကာသို့ ရောဂါပျံ့နှံ့ခဲ့ခြင်းမရှိကြောင်း သိရပါသည်။

နီပါးရ်ဗိုင်းရပ်စ်၏ မူလလက်ခံကောင်ဖြစ်သော လင်းနို့မျိုးစိတ် (*Pteropus* bat species) နှင့် အခြားလင်းနို့မျိုးစိတ်များတွင် ဗိုင်းရပ်စ်ပိုးရှိကြောင်း အထောက်အထားများကို ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း တွေ့ရှိထားပါသည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ နီပါးရ်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့/လင်းဆွဲများ ပေါများစွာ တည်ရှိရာဒေသဖြစ်ပြီး ကူးစက်မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် နီပါးရ်ဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

### ရောဂါကူးစက်ပုံ

နီပါးရ်ဗိုင်းရပ်စ်ပိုးသည် နီးကပ်စွာနေထိုင်၍ တိုက်ရိုက်ထိတွေ့ခြင်း (Direct Contact) မှ တစ်ဆင့်သာ အဓိကကူးစက်ခြင်းဖြစ်၍ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကဲ့သို့ အလွန်ကူးစက်မြန်ခြင်းမရှိကြောင်း သိရပါသည်။

ရောဂါကူးစက်မှုပုံစံများအနေဖြင့် -

(က) **တိရစ္ဆာန်မှ လူသို့ကူးစက်ခြင်း။** နီပါးရ်ဗိုင်းရပ်စ်ရောဂါပိုးရှိသော ဝက်များ သို့မဟုတ် လင်းနို့များ၏ ထွက်ရည်များ (တံတွေး၊ ဆီး) နှင့် တိုက်ရိုက်ထိတွေ့ခြင်း၊

(ခ) **အစားအသောက်မှတစ်ဆင့် ကူးစက်ခြင်း။** လင်းနို့များကိုက်ထားသော သစ်သီးများ၊ လင်းနို့တံတွေး သို့မဟုတ် ဆီးများပေကျံနေသော သစ်သီးများ/ထန်းရည်/ ဓနိရည်များကို စားသောက်မိခြင်း၊

(ဂ) **လူအချင်းချင်းကူးစက်ခြင်း** – လူနာထံမှ ထွက်သည့်အရည်များနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ လူနာနှင့်နီးကပ်စွာထိတွေ့ရသည့် လူနာပြုစုသူများနှင့် ကျန်းမာရေးဝန်ထမ်းများကို ကူးစက်စေခြင်းတို့ ဖြစ်ပါသည်။



ကျန်းမာရေးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အဖျားရောဂါနှင့် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုနေကြစဉ်။ (၂၆-၁-၂၀၂၆)

### ရောဂါလက္ခဏာများ

နီပါးရ်ဗိုင်းရပ်စ်ပိုးသည် ခန္ဓာကိုယ်ထဲသို့ ရောက်ရှိပြီး ပျမ်းမျှရောဂါပျိုးရက် ၄ ရက်မှ ၁၄ ရက်အတွင်း ရောဂါလက္ခဏာ စတင်ပြတတ်ပြီး အချို့တွင် ရောဂါပျိုးရက်သည် ၄၅ ရက်အထိ ကြာမြင့်နိုင်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ အန်ခြင်းနှင့် လည်ချောင်းနာခြင်းတို့ကိုခံစားရပြီး ရောဂါပြင်းထန်ပါက စိတ်ရှုပ်ထွေးခြင်း၊ မှိန်းခြင်း၊ တက်ခြင်းအစရှိသော ဦးနှောက်ရောင်ရမ်းခြင်းလက္ခဏာများ ခံစားရပြီး ၂၄ နာရီမှ ၄၈ နာရီအတွင်း သတိလစ်မေ့မြောခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။ အချို့လူနာများတွင် ပြင်းထန်သော အဆုတ်ရောင်ရောဂါနှင့် အသက်ရှူရခက်ခဲခြင်းများ ကြုံတွေ့ရတတ်ပါသည်။ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ အလွန်မြင့်မားပြီး ကူးစက်သည့် ဗိုင်းရပ်စ်အမျိုးအစားနှင့် စောစီးစွာ ဆေးကုသမှုရရှိမှုအပေါ်မူတည်၍ သေဆုံးမှုနှုန်း ၄၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ ရှိနိုင်ပါသည်။

### လက်တလောရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်

၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားမှုများရှိခဲ့သော်လည်း ရောဂါစတင်ဖြစ်ပွားသည့် နေရာဒေသများမှ အဆိုပါနိုင်ငံများ၏ နိုင်ငံတွင်း အခြားဒေသများနှင့် နိုင်ငံတကာသို့ ရောဂါပျံ့နှံ့ခဲ့ခြင်းမရှိကြောင်း သိရပါသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလနှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် (West Bengal) ကာလကတ္တားဒေသ ဘာရာဆတ်မြို့၌ ကူးစက်မှုအသစ်များတွေ့ရှိခဲ့ရာ ဆရာဝန်များနှင့် သူနာပြုများအပါအဝင် အနည်းဆုံး ငါးဦးခန့်တွင် ရောဂါပိုးကူးစက်ခံရကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။ လက်ရှိအခြေအနေတွင် အနီးကပ်ထိတွေ့ခဲ့သူ လူပေါင်း ၁၀၀ မှ ၁၉၀ ခန့်ကို သီးသန့်ခွဲခြားစောင့်ကြည့် (Quarantine)ထားရှိကာ ရောဂါပိုးရှိ/မရှိ စမ်းသပ်စစ်ဆေးလျက်ရှိကြောင်း သိရပါသည်။ လက်ရှိဖြစ်ပွားသည့်ဖြစ်စဉ်တွင်လည်း ယနေ့အချိန်အထိ အိန္ဒိယနိုင်ငံ၏ အခြားဒေသများနှင့် အခြားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိသေးကြောင်း သိရပါသည်။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

နီပါးရ်ဗိုင်းရပ်စ်ပိုးသည် တိရစ္ဆာန်မှ လူသို့ကူးစက်သည့်ရောဂါ (Zoonotic disease) ဖြစ်ပြီး နီးကပ်စွာထိတွေ့ခြင်း (direct contact) မှတစ်ဆင့်သာ အဓိကကူးစက်ခြင်းဖြစ်သောကြောင့် သတိပြုဆောင်ရွက်ရမည့် ရောဂါကာကွယ်ရေးနည်းလမ်းများအနေဖြင့် -

- လင်းနို့/လင်းဆွဲများ၊ တောရိုင်းတိရစ္ဆာန်များနှင့် နေမကောင်းဖြစ်နေသောဝက်များနှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်ပါ။ မဖြစ်မနေ ကိုင်တွယ်ရပါက လက်အိတ်နှင့် နှာခေါင်းစည်းကို စနစ်တကျဝတ်ဆင်ပါ။ လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ စနစ်တကျဆေးကြောပါ။
- လင်းနို့များ ကျက်စားရာဂူများ၊ သစ်ပင်များ သို့မဟုတ် လင်းနို့ချေးများရှိနိုင်သောနေရာများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။
- လင်းနို့ကိုက်ထားသော လက္ခဏာရှိသည့် အသီးများကို လုံးဝမစားပါနှင့်။ အသီးများကို မစားမီ သေချာစွာဆေးကြောပြီး အခွံနွှာ၍စားပါ။
- လင်းနို့တံတွေး သို့မဟုတ် ဆီးနှင့် ညစ်ညမ်းနိုင်ခြေရှိသော ထန်းရည်၊ ဓနိရည်များကို မသောက်မီ သေချာစွာကျိုချက်ပါ။
- ဝက်သားနှင့် အခြားအသားများကို သေချာစွာ ကျက်အောင် ချက်ပြုတ်စားသောက်ပါ။
- သံသယလူနာနှင့် အနီးကပ်ထိတွေ့ရခြင်းမှရှောင်ကြဉ်ပါ။ လူနာကို မဖြစ်မနေ ပြုစုရပါက လက်အိတ်နှင့် နှာခေါင်းစည်း အပါအဝင် တစ်ကိုယ်ရေအကာအကွယ်သုံးဝတ်စုံ (PPE) ကို စနစ်တကျဝတ်ဆင်ပါ။ လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ စနစ်တကျ ဆေးကြောပါ။
- လူနာ၏ အဝတ်အစား၊ ပန်းကန်ခွက်ယောက်များနှင့် အသုံးအဆောင်များကို သီးသန့်ခွဲခြားထားပြီး ပိုးသတ်သန့်စင်ပါ။

အထူးသဖြင့် -

- လတ်တလော နီပါးရ်ဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေသည့်ဒေသများ (ဥပမာ – ယခုအခါ အနောက်ဘင်္ဂလားပြည်နယ်) သို့ မလိုအပ်ဘဲ ခရီးမသွားပါနှင့်။
- လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ရောက်ရှိနေသူများသည် ရောဂါဖြစ်ပွားရာဒေသများရှိ ဆေးရုံများ သို့မဟုတ် ဖျားနာသူများပြားသည့် နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမပြုပါနှင့်။
- လတ်တလော ရောဂါဖြစ်ပွားရာဒေသများသို့ ခရီးသွားခဲ့ပြီး မိမိနိုင်ငံသို့ပြန်လာစဉ်တွင် သံသယရောဂါများဖြစ်သည့် ပြင်းထန်စွာဖျားခြင်းနှင့် ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း၊ စိတ်ရှုပ်ထွေးခြင်း သို့မဟုတ် အိပ်ငိုက်ခြင်းတို့ခံစားရပါက လေဆိပ်ကျန်းမာရေးဌာန သို့မဟုတ် နယ်စပ်ဝင်/ထွက်ပေါက်များရှိ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းများထံ မပျက်မကွက် သတင်းပို့ရပါမည်။
- အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး ၁၄ ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါလက္ခဏာများ ခံစားရပါက ချက်ချင်းနီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့် ရာဇဝင်ရှိကြောင်းကို ဆရာဝန်အား သေချာစွာပြောပြ၍ လိုအပ်သည့် စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရပါမည်။
- ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ်ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ (ဝက်/လင်းနို့)တို့ ထူးထူးခြားခြား သေဆုံးနေသည်ကို တွေ့ရှိပါကလည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း အသိပေးအကြောင်းကြားရပါမည်။

### ရောဂါကာကွယ်ဆေး/ကုသဆေးရရှိမှု အခြေအနေ

လက်ရှိအချိန်၌ နိုင်ငံတကာတွင် နီပါးရ်ဗိုင်းရပ်စ် (Nipah Virus) အတွက် သီးသန့်အတည်ပြုထားသော ကုသဆေး သို့မဟုတ် ကာကွယ်ဆေးမရှိသေးပါ။

**စာမျက်နှာ ၉ သို့**

❀ **မြန်မာနိုင်ငံတွင် ယနေ့အထိ နီပါးရ်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများကို တွေ့ရှိရခြင်းမရှိသေးသော်လည်း မူလလက်ခံကောင် လင်းနို့မျိုးစိတ်ဖြစ်သည့် သစ်သီးစားလင်းနို့/လင်းဆွဲများ ပေါများစွာ တည်ရှိရာဒေသဖြစ်ပြီး ကူးစက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည့် ဒေသတွင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် နီပါးရ်ဗိုင်းရပ်စ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိ**

❀ **မိဘပြည်သူများအနေဖြင့် မိမိတို့နိုင်ငံတွင် ယခင်က ကူးစက်ဖြစ်ပွားခဲ့ဖူးခြင်းမရှိသည့်အပြင် ယခုအချိန်တွင်လည်း ရောဂါကူးစက်ဖြစ်ပွားသူမရှိသည့် နီပါးရ်ဗိုင်းရပ်စ်ရောဂါနှင့်စပ်လျဉ်း၍ လူမှုကွန်ရက် အင်တာနက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့နေသော ကောလာဟလများနှင့် သတင်းအမှားများကို ယုံကြည်ခြင်းမပြုကြရန်လိုအပ်**

# မွန်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



မော်လမြိုင် ဇန်နဝါရီ ၂၇

မွန်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာနှင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ပေးသင့်ပေးထိုက်သူများမကျန်ရှိစေရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဆွေးနွေးတင်ပြပြီး စိစစ်ရေးကော်မတီအတွင်းရေးမှူးက ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဂုဏ်ထူးဆောင်ဆုရွေးချယ်ရေးကော်မတီ အတွင်းရေးမှူးများက ဂုဏ်ထူးဆောင်ဆုပေးအပ်နိုင်ရေး စိစစ်ရွေးချယ်ထားမှုကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် အွန်လိုင်းမှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရှေ့ပြေးစမ်းသပ်မှုစတင်



နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ရထားလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment System–ORTP) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ပေးလျက်ရှိသည်။

အဆိုပါစနစ် ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project) အဖြစ် ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းအတွင်း ဖေဖော်ဝါရီ ၇ ရက်တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/(၁၂)အစုန် (ရန်ကုန်–မန္တလေး–ရန်ကုန်) လူစီးအမြန်ရထား၊ အမှတ်(၇)အဆန်/(၈)အစုန် (ရန်ကုန်–နေပြည်တော်–ရန်ကုန်) DEMU အမြန်ရထား၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် (ရန်ကုန်–နေပြည်တော်–ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် (မန္တလေး–နေပြည်တော်–မန္တလေး) လူစီးအမြန်ရထား ခရီးစဉ်များ၏ ရထားလက်မှတ်များကို ယခုလာမည့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ORTP စနစ်ဖြင့် ရန်ကုန်–မန္တလေးရထားလမ်းပိုင်းအတွင်းရှိ လူစီးအမြန်ရထားများ စီးနင်းလိုက်ပါရန် လက်မှတ်များဝယ်ယူရာတွင် ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခုနစ်ရက် ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများမှ စီးနင်းလိုက်ပါလိုပါက သုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ပြီး ရထားထွက်ခွာဆိုက်ရောက်ချိန်များ၊ ရပ်တန့်ဘူတာများ၊ လက်မှတ်ခ နှုန်းထားများမှာ ယခင်အတိုင်းဖြစ်သည်။

အဆိုပါစနစ်ကို အသုံးပြုမည်ဆိုပါက မိမိအသုံးပြုလိုသည့် Browser တစ်ခုခုကို ဖွင့်ပြီး ortp.railways.gov.mm ဆိုသည့် Link အား ရိုက်နှိပ်၍ စနစ်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် စနစ်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ပြုလုပ်ထားသော QR Code ကို မိမိ လက်ကိုင်ဖုန်းဖြင့် Scan ဖတ်၍လည်း ဝင်ရောက်နိုင်သည်။ အဆိုပါစနစ်အသုံးပြုပုံအဆင့်ဆင့် အသိပညာပေးခြင်းအစီအစဉ်နှင့် စနစ်သို့ဝင်ရောက်နိုင်သည့် Link နှင့် QR Code တို့ကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့မီးရထား Website နှင့် ဘူတာရုံအသီးသီးတို့တွင်ကြေညာအသိပေးထားပြီးဖြစ်သည်။

**ဆက်သွယ်စုံစမ်းမေးမြန်းနိုင်**

ခရီးသွားပြည်သူများအနေဖြ င့် အွန်လိုင်းမှ လက်မှတ်များဝယ်ယူရန် အခက်အခဲ တစ်စုံတစ်ရာရှိပါကလည်း သက်ဆိုင်ရာဘူတာရုံ/လက်မှတ်ရုံများသို့ လာရောက်၍လည်း အဆိုပါစနစ်အသုံးပြုပြီး ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားသည်။ ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မြန်မာ့မီးရထား၏ Hotline ဖုန်းအမှတ် – ၁၁၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် မေးမြန်းသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးအရာရှိ ဒေါ်စုမြတ်ဝင်းက ဆောင်ရွက်၍ ဆွေးနွေးသူအဖြစ် မြို့နယ်စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)က လာမည့် ၂၀၂၆ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆွေးနွေးဟောပြောသည်။

အဆိုပါ ဆွေးနွေးဟောပြောချက်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် လူမှုကွန်ရက်တွင်လည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ စာမျက်နှာ ၈ မှ

အချို့သောကာကွယ်ဆေးများသည် စမ်းသပ်ဆဲအဆင့် (Clinical Trials) တွင်သာ ရှိနေပါသည်။ ဝက်များအတွက် ကာကွယ်ဆေးများ ထုတ်လုပ်ရန် ကြိုးစားနေကြသော်လည်း လက်တွေ့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ခြင်းမရှိသေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှု**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် မျောက်ကျောက်ရောဂါ စသည့် နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ ဖြစ်ပွားခဲ့ချိန်များမှ စတင်ဆောင်ရွက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်များအပါအဝင် နိုင်ငံဖြတ်ကျော် ဝင်/ထွက်ပေါက်များတွင် အဖျားရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ရပ်တန့်ခြင်းမရှိခဲ့ပါ။ ယခုအချိန်တွင် အဆိုပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် လတ်တလောရောဂါဖြစ်ပွားရာဒေသဖြစ်သည့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားဒေသ (West Bengal)မှ ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် နိုင်ငံတွင်းသို့ ရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေး ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အထူးအလေးထား၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅)နှင့်အညီ ကူးစက်ရောဂါဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း လုပ်ငန်းစဉ်အရ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် နီပါးရ်ဗိုင်းရပ်စ်ရောဂါနှင့် အခြားကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နီပါးရ်ဗိုင်းရပ်စ်ရောဂါအပါအဝင် ကူးစက်ရောဂါများကြောင့် ဖြစ်ပွားတတ်သော လတ်တလော ဦးနှောက်ရောင်ရောဂါလက္ခဏာစုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ပုံမှန်အားဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ နီပါးရ်ဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေရှိသည့် လက္ခဏာများဖြင့် ဆေးရုံတက်ရောက်မှုဖြစ်စဉ်များမရှိပါ။

သံသယလူနာများတွင် နီပါးရ်ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုရှိ/မရှိကို ဓာတ်ခွဲစစ်ဆေးသိရှိနိုင်ရန် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ပြည်သူ့ဆေးရုံများရှိ ကူးစက်ရောဂါ လူနာဆောင်များတွင် လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် နီပါးရ်ဗိုင်းရပ်စ်ကို တိုက်ရိုက်သတ်နိုင်သောဆေး မပေါ်ပေါက်သေးသော်လည်း ဝေဒနာသက်သာစေရန် (Supportive Care) ရောဂါကုထုံးများဖြင့် ကုသပေးနိုင်ရေးအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများနှင့်ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူသားများ၏ ကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေးတို့ကို တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု မူဘောင် (One Health Approach) အရ နီးနွယ်ဌာနဆိုင်ရာများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့နှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် ဆောင်ရွက်ရန်လိုအပ်**

မိဘပြည်သူများအနေဖြင့် မိမိတို့နိုင်ငံတွင် ယခင်က ကူးစက်ဖြစ်ပွားခဲ့ဖူးခြင်းမရှိသည့်အပြင် ယခုအချိန်တွင်လည်း ရောဂါကူးစက်ဖြစ်ပွားသူမရှိသည့် နီပါးရ်ဗိုင်းရပ်စ်ရောဂါနှင့်စပ်လျဉ်း၍ လူမှုကွန်ရက် အင်တာနက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့နေသော ကောလာဟလများနှင့် သတင်းအမှားများကို ယုံကြည်ခြင်းမပြုကြရန် လိုအပ်ပါသည်။ အဆိုပါရောဂါနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမရှိဘဲ ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အသိပေးနှိုးဆော်ချက်များနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည့် သတင်းထုတ်ပြန်ချက်များကိုသာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိစွာဖြင့် လိုက်နာကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# လွိုင်ကော်မြို့၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ သို့ တက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)၌ ကျင်းပခဲ့သည့် လူငယ်ငြိမ်းချမ်းရေး ဖိုရမ်-၂၀၂၆ သို့ ပြည်နယ်ကိုယ်စားပြုတက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံ ရှင်းလင်းတင်ပြပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက လူငယ်ငြိမ်းချမ်းရေး ဖိုရမ်-၂၀၂၆ ကို ပြည်နယ်ကိုယ်စားပြု တက်ရောက်ခဲ့ကြသည့် လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖိုရမ်မှရရှိလာသည့် အတွေ့အကြုံကောင်းများကို ပြန်လည်မျှဝေခြင်းဖြစ်သည့်အတွက် လူငယ်များအတွက် အကျိုးရှိထိရောက်သည့် ဗဟုသုတကောင်းများ တိုးပွားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးအတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံစေရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်များအနေဖြင့်လည်း စည်းလုံးညီညွတ်မှုအားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးကိစ္စရပ်များ၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်ရေးကိစ္စရပ်များတွင် တစ်ထောင့်တစ်နေရာက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ် - ၂၀၂၆ အထိမ်းအမှတ်တံဆိပ်ကို ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အပ်နှံသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ သို့ ပြည်နယ်ကိုယ်စားပြုတက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်အဖွဲ့နှင့် အဆိုအကအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာလူငယ်ကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှု မြှင့်တင်ပေး" မှတ်တမ်းဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးပြီး လွိုင်ကော်ပညာရေး ဒီဂရီကောလိပ်မှ အုပ်ချုပ်သူတစ်ဦးက လူငယ်ငြိမ်းချမ်းရေး ဖိုရမ်-၂၀၂၆ သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကို ရှင်းလင်းတင်ပြ၍ လွိုင်ကော်တက္ကသိုလ်မှ လူငယ်ကိုယ်စားလှယ်တစ်ဦးက "လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆" ကြေညာစာတမ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေး ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများ၏ "ပန်းရောင်စုံနဲ့ လှတဲ့မြေ" တေးသီချင်းဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယနေ့ လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ သို့ ပြည်နယ်ကိုယ်စားပြု တက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံ ရှင်းလင်းတင်ပြပွဲတွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ်-၂၀၂၆ သို့ ပြည်နယ်ကိုယ်စားပြုတက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး လွိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာနှင့် အဆင့်မြင့်ပညာ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်၊ သိပ္ပံနှင့် သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

မင်းဘူး ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မင်းဘူး(စကု)မြို့နယ် နန်းတော်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး တိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌဦးမျိုးမြင့်၊ တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးနိုင်နှင့် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအေးလွင်တို့က ဖွင့်ပွဲမုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပွဲတော်အတွင်း ခင်းကျင်းပြသထားသော လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်နှင့် ကျောင်းသား ကျောင်းသူများ ဆေးရောင်ခြယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်း(ထက်ဆင့်) ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်း(အောက်ဆင့်) ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ပွဲတော်၌ အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပသော အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show)တွင် စာရေးဆရာမ မစန္ဒာရေးသားသော "အရိပ်" စာအုပ်ကို ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ၏ ဧည့်ခံဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အခြေခံပညာအဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းများအပြင် ဓာတ်ပုံပြခန်း၊ ဌာနဆိုင်ရာများ၏ အသိပညာပေး ပြခန်းများဖြင့် ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင် ကျင်းပရာ ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လသာမြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ် အောင်ဆန်းလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကလေး အလုပ်သမားပပျောက်ရေးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမျိုးမြင့်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာနှင့် မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းဝတ်ရည်လှိုင်က လူကုန်ကူးမှု တားဆီး ကာကွယ်ရေးဆိုင်ရာတို့ကို အသိပညာပေးဟောပြောခဲ့ပြီး အမှတ်(၄၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုတိယရဲမှူး ဝေလင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူး ဒေါ်ပပမောင်က ကလေးအလုပ်သမား ပပျောက်ရေးနှင့် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ အသိပညာပေးဟောပြောခဲ့၍ မေးခွန်းများမေးမြန်းကာ ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)

# ကလောမြို့၌ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး

ကလော ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်ကလောမြို့နယ်စည်ပင်သာယာရေးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ကလောမြို့ ကလောချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ တားဆီးကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ သုံးစွဲမှု လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလွင်က တစ်ခါသုံးပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေး၊ စနစ်တကျခွဲခြားစွန့်ပစ်ရေးနှင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများသုံးစွဲမှု လျှော့ချရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး ဟောပြောပွဲ တက်ရောက်လာသူများက သိရှိလိုသည်များ ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး ဗီဒီယိုကိုပြသ၍ လက်ကမ်းစာစောင်များနှင့် Recycle Bag များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း (၁၉-၁-၂၀၂၆ ရက်နေ့မှ ၂၅-၁-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($N_{O2}$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တစ်ထောင် မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာ ချက်ပြုတ်နည်း သင်တန်းနှင့် ပန်းအလှပြင် သင်တန်းများကို အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။



ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင် သတင်းစာများတွင် ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။ သင်တန်းများသို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူ အရည်အချင်း သတ်မှတ်ချက် အနေဖြင့် အသက်(၁၄)နှစ်အထက် မူလတန်းပညာ အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါကြောင်းကိုလည်း ကြော်ငြာစာများတွင် ထည့်သွင်း ဖော်ပြထားသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများတွင် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဇန်နဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင် ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ခြောက်ဦး၊ သင်တန်းသူ ၂၆၈ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၇၄ ဦး တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## လေးမျက်နှာမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**လေးမျက်နှာ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲနောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မိုးဟိန်းထက်**

## ကြံခင်းမြို့၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ထုတ်ပေး

**ကြံခင်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့နယ် အမှတ်(၃၂) အကြီးစားစက်ရုံ အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကြံခင်းမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားတစ်ဦး၏ မိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ပြုလုပ်သည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် သေဆုံးသွားသော အမှတ်(၃၂) အကြီးစားစက်ရုံမှ အာမခံ အလုပ်သမား ဦးမျိုးဝင်း၏ ကျန်ရစ်သူဇနီး ဒေါ်နှင်းဝေပိုင်ထံသို့ ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၁၀၈ သိန်းနှင့် မြန်အောင်မြို့ ရောင်နီအရက်ချက်စက်ရုံမှ အာမခံအလုပ်သမား ဦးဇော်ဇင်စိုး၏ ဆေးဖိုးကုန်ကျငွေကျပ် ၁၈၀၀၅၄၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ကမာရွတ်ခရိုင်တရားရုံးသို့ ဥပဒေကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာမများနှင့် မဟာအရည်အချင်းစစ် သင်တန်းနှင့် ပဋ္ဌမနှစ်သင်တန်းမှ ဥပဒေကျောင်းသား ကျောင်းသူ ၃၀ သည် ယနေ့နံနက်ပိုင်းတွင် ကမာရွတ်ခရိုင်တရားရုံးသို့ လေ့လာရေးခရီး လာရောက်ရာ ခရိုင်တရားသူကြီးရုံးခန်းတွင် ခရိုင်တရားသူကြီး ဦးဇော်မင်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တွဲဖက် ခရိုင်တရားသူကြီး ဒေါ်စန်းသိင်္ဂီက တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေး၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တွဲဖက်ခရိုင်တရားသူကြီးများနှင့် ဒုတိယခရိုင်တရားသူကြီးများက ရှင်းလင်းဖြေကြားကြသည်။



ယင်းနောက် လေ့လာရေး လာရောက်သည့် ဆရာမများအား ကမာရွတ်ခရိုင် တရားရုံးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက ခရိုင်တရားရုံးရှိ တရားခွင်များတွင် ရာဇဝတ်မှုများ၊ တရားမမှုများ ကြားနာစစ်ဆေးနေခြင်းများကို လက်တွေ့လေ့လာခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စကုမြို့အတွက် မီးငြိမ်းသတ်ယာဉ်နှင့် အမှိုက်သိမ်းယာဉ် ပေးအပ်ပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးငြိမ်းသတ်ယာဉ်နှင့် အမှိုက်သိမ်းယာဉ် ပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက စကုမြို့ အမှတ်(၁)ရပ်ကွက်ရှိ ပုညရှင်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ယခုပေးအပ်သည့် အီစူးဇူးမီးငြိမ်းသတ်ယာဉ်သည် ရေဂါလန် ၈၀၀ ဝင်ဆံ့ပြီး မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အပြည့်အစုံပါဝင်သည့်အတွက် စကုမြို့ အရန်မီးသတ်စခန်းအတွက် အားထားရသည့် မီးသတ်ယာဉ် တစ်စီးဖြစ်ကြောင်း၊ စကုမြို့အနေဖြင့် နယ်မြေမီးသတ်စခန်း၌ မီးသတ်ယာဉ်နှစ်စီး၊ အရန်မီးသတ်စခန်း၌ မီးသတ်ယာဉ်နှစ်စီး စုစုပေါင်း လေးစီးအထိရှိသည့်အတွက် မီးဘေးလုံခြုံရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ အင်အားပြည့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ စည်ပင်သာယာရေးအဖွဲ့သည် သန့်ရှင်းသောပတ်ဝန်းကျင်၊ လှပသောမြို့ပြ၊ ကောင်းမွန်သောစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်လုပ်ငန်းမှာ မြို့သူ မြို့သားအားလုံး၏ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အရေးကြီးသောလုပ်ငန်းဖြစ်သည့်အတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် အမှိုက်သိမ်းယာဉ်တစ်စီးကို ယခုလိုဖြည့်တင်းပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စကုမြို့ အရန်မီးသတ်တပ်ဖွဲ့အတွက် မီးငြိမ်းသတ်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ အရန်မီးသတ် တူညီဝတ်စုံ ၃၅ စုံနှင့် အမှိုက်သိမ်းယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**





# ညောင်ရွှေမြို့နယ်၌ ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားငါးဆူကျေးရွာရှိ ချယ်ရီမြေ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်က ဆောင်းနေကြာ ရေဆင်းစပ်မျိုး(၁) စိုက်ပျိုးထားရှိမှုနှင့် ကျောက်နီကျေးရွာအုပ်စု ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခနထွန်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းက ရုရှားနေကြာ (Ipolit/ Valkun OR) မျိုး စိုက်ပျိုးထားရှိမှုနှင့် မြေဩဇာ Super nitrogen၊ Florata ပက်ဖျန်းမှု အခြေအနေများကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက စိုက်ခင်းကိုကြည့်ရှုရာတွင် အပင်ပေါက်နှုန်းအား ကောင်းမွန်စေရေး၊ လိုအပ်သည့် အစိုဓာတ်ရရှိရန်အတွက် ရေသွယ်တန်းမှု၊ စိုက်နည်းစနစ်နှင့်အညီ စိုက်ပျိုးထားရှိမှု ရှိ/မရှိ ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**



ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ဇန်နဝါရီ ၂၆ ရက်က မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးနည်းစနစ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ဖွင့်လှစ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးတိုးနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် Bakery အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ ပြင်ဦးလွင်ခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က အမှာစကား ပြောကြားပြီး သင်တန်းသူတစ်ဦးအား ကုန်ကြမ်းပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ကွတ်ကီး၊ Butter Sponge Cake ၊ Chiffon ကိတ်၊ မွေးနေ့ကိတ်၊ ချောကလက် ကိတ်၊ Cheese ကိတ်၊ ခေါက်ကိတ်၊ Soft Bread ၊ Slide Bread၊ Cup Cake၊ Banana Cake၊ ပီဇာ၊ ပဲမဲပေါင်မုန့်၊ ကြက်ဥပူတင်းပေါင်မုန့်၊ ကြက်မျှင်ပေါင်မုန့် အမျိုးမျိုးစသည့် ဈေးကွက်ဝင် ထုတ်ကုန်များကို သင်ကြားပေးမည့်အပြင် Food Safety၊ Quality Control ဆိုင်ရာများ၊ လုပ်ငန်းရှင်များအတွက် သိသင့်သိထိုက်သည့် ဈေးကွက်ဆိုင်ရာ သဘောတရားများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အချက်များကို ခုနစ်ရက်ကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုက်လတ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ) သင်တန်းဖွင့်

**ကျိုက်လတ် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ယမန်နေ့နံနက်ပိုင်းက မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်လင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ) သင်တန်းသားများနှင့် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**



# မင်းတုန်းမြို့၌ မီးဘေးလုံခြုံရေးနှင့် မီးခိုးမြူငွေ့လျှော့နည်းစေရေး အသိပညာပေးဟောပြော

**မင်းတုန်း ဇန်နဝါရီ ၂၇**

မကွေးတိုင်း ဒေသကြီး မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ယမန်နေ့ မွန်းလွဲပိုင်းက မီးဘေးလုံခြုံရေးနှင့် မီးခိုးမြူငွေ့ လျှော့နည်းစေရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ဟောပြောကြသည်။



ဟောပြောပွဲတွင် အမှိုက်များ၊ စိုက်ပျိုးရေးနှင့် စွန့်ပစ်ပစ္စည်းများအား မီးရှို့ခြင်းမပြုရန်၊ မီးရှို့၍ အမဲလိုက်ခြင်းများ မပြုလုပ်ရန်၊ ရွှေ့ပြောင်း တောင်ယာဖော်ထုတ်ရာတွင် မီးရှို့ခြင်းမပြုရန်၊ အမှိုက်များကို ခွဲခြားသတ်မှတ်စွန့်ပစ်ရန်၊ အမှိုက်ထွက်ရှိမှုလျှော့ချရန်၊ ထင်းနှင့် မီးသွေးအစား လျှပ်စစ်မီး(သို့) ဓာတ်ငွေ့လောင်စာကို အသုံးပြုရန်၊ ဓာတုပစ္စည်းများ ထုတ်လုပ်အသုံးပြုခြင်းကို လျှော့ချရန်၊ တိရစ္ဆာန် အညစ်အကြေးများကို မြေဩဇာအဖြစ် ပြန်လည်အသုံးပြုရန်နှင့် အိမ်တွင်းစီးပွားရေးလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ကြရန် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

# တရားမဝင်သစ်မျိုးစုံ၊ ဘိလပ်မြေများ၊ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



တရားမဝင် တင်သွင်းသည့် တရုတ်နိုင်ငံထုတ် ဘိလပ်မြေအိတ်များ

ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် မြစ်ကြီးနားမြို့နယ် စီတာပူရပ်ကွက် ဗလမင်းထင်တံတားအနီး၌ ယာဉ် ၁၀ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘိလပ်မြေအိတ် ၁၂၀၀(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၃ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ၁၄ လက်မ မုံအိုး ၁၅ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၁၀ မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၀၇၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ ဥသျှစ်ပင်မြို့နယ်နှင့် ဘုရားကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ညောင်လေးပင်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၉၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၈၇၈၅၆ ကျပ်) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၈၇၈၅၆ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် တောင်တွင်းကြီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် ပလိပ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၈၅၇၈၅၆) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



## ကျိုက်ထိုမြို့နယ် ရောင်ခြည်ဦး သမဝါယမအသင်း အစည်းအဝေးကျင်းပ

ကျိုက်ထို ဇန်နဝါရီ ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မြောက်ပိုင်းရပ်ကွက် ရောင်ခြည်ဦး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ကော်မတီရွေးချယ်ပွဲကို ဇန်နဝါရီ ၂၅ ရက်က မြောက်ပိုင်းရပ်ကွက် ညောင်ဝိုင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ရောင်ခြည်ဦးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ(သဘာပတိ) ဦးမြမောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက အသင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ရောင်ခြည်ဦးသမဝါယမအသင်းလီမိတက်၏အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် အသင်းသားစာရင်းစစ်အဖွဲ့ အစီရင်ခံစာများကို အသင်းသား ဦးခင်ဆန်းက ဖတ်ကြားသည်။

ယင်းနောက် အမှုဆောင်ကော်မတီ ပြန်လည်ရွေးချယ်ရာ သဘာပတိက အတည်ပြုချက်ရယူပြီး အမှုဆောင်အဖွဲ့နှင့် အသင်းသားစာရင်းစစ်အဖွဲ့ဝင်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရေတာရှည်မြို့၌ စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေးမှု ကွင်းဆင်းစစ်ဆေး

ရေတာရှည် ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ပေါ်၌ စားအုန်းဆီဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဖြန့်ဖြူးမှုရှိ၊ မရှိ၊ စားအုန်းဆီဝယ်ယူခွင့် စာအုပ်များဖြင့် စနစ်တကျရောင်းချပေးခြင်းရှိ၊ မရှိ၊ အလေးချိန် မှန်ကန်စေရေးနှင့် ရရှိသည့် ဆီပိဿာချိန်များအား ပြည်သူများထံ အမှန်တကယ်ရောင်းချပေးမှုရှိ၊ မရှိ အခြေအနေများကို ဇန်နဝါရီ ၂၆ ရက်က တာဝန်ရှိသူများအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးသည်။

### စစ်ဆေး

ရေတာရှည်မြို့အနေဖြင့် နေ့စဉ်စားအုန်းဆီ ၆ ဒသမ ၆၄ ပီပါ၊ တစ်လ ၁၆၆ ပီပါဖြင့် လစဉ်စားအုန်းဆီ ပိဿာချိန်ပေါင်း ၁၈၂၆၀ ခွဲတမ်းရရှိပြီး အဆိုပါဆီများကို မြို့ပေါ်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ပြည်သူများထံသို့ လစဉ်ဖြန့်ဖြူးပေးလျက်ရှိရာ တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံဦးမျိုးအောင်၊ မြို့နယ်တာဝန်ခံဦးဇော်ဇော်ထွေး၊ ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တောင်ငူခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း(၁/၂၀၂၆) ဖွင့်

ဘိုကလေး ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ သဘာဝဘေး ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း(၁/၂၀၂၆)ကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

### ရှင်းလင်းပြောကြား

ဦးစွာသင်တန်းတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးက အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေး ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်နည်းလမ်းများ၊ လိုအပ်သည့်ပစ္စည်းကိရိယာများကို တပ်ဆင်အသုံးပြုသည့် နည်းလမ်းများ အစရှိသည်တို့ကို ဆက်လက်သင်ကြားပို့ချမည်ဖြစ်ရာ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

မင်းထက်သာ





## ကန်ကြီးထောင့်မြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်

ကန်ကြီးထောင့် ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဦးစွာသင်တန်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဘာဝဘေး ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်နည်းလမ်းများ၊ လိုအပ်သည့် ပစ္စည်းကိရိယာများကို တပ်ဆင်အသုံးပြုသည့်နည်းလမ်းများ စသည်တို့ကို ဆက်လက်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အောင်သင်း

စည်းလုံးခြင်းသည် အင်အား
ညီညွတ်ခြင်းသည် စွမ်းအား
ငြိမ်းချမ်းခြင်းသည် အလှတရား

# ရန်ကုန်ဆန်လှူအသင်း နှစ်(၁၀၀)ပြည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

၁၉၂၆ ခုနှစ်က စတင်တည်ထောင်ခဲ့သော ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်လမ်းမရှိ အသင်းတိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်)ဦးဗိုလ်ငွေး၊ အသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးညွန့်ငွေး၊ အသင်းအကျိုးတော်ဆောင်ချုပ် ဦးလှထွန်းစိန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရာပြည့်အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ဩဝါဒပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ပေးတော်မူခဲ့ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူတော်ငွေများနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အသင်းရာပြည့်ဗိမာန် တည်ဆောက်ရေးအတွက် အလှူရှင်များက



အလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကာ အသင်းအကျိုးတော်ဆောင်ချုပ်က သာသနာရေး ဆိုင်ရာများကို လျှောက်ကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်



မန္တလေး ဇန်နဝါရီ ၂၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ၁၄ ရက်အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲနှင့်အတူ မြမာလာဥယျာဉ်အတွင်း၌ မြို့တော်သူမြို့တော်သားများ လာရောက်အပန်းဖြေနိုင်ရန် သစ်သီးဝလံပန်းမန်ကိုယ်စားပြု ပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီးသုံးခုပြုလုပ်ထားမည်ဖြစ်ပြီး အလှဓာတ်ပုံရိုက်ရန် နေရာများလည်း ပြင်ဆင်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဌာနဆိုင်ရာပြခန်း ၁၆ ခန်း၊ အရောင်းပြခန်း ခုနစ်ခန်း၊ ပျိုးပင်အရောင်းဆိုင် ၁၈ ဆိုင် ပါဝင်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်သည့် ပြည်သူများအား ပျိုးပင်များလက်ဆောင်ပေးမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲကို ရည်ရွယ်ချက်ငါးရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်လုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို အမျိုးအစားအလိုက် ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်များအနေဖြင့် ဖေဖော်ဝါရီ ၁၀ မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲဝင်ပစ္စည်းများကို မြမာလာဥယျာဉ်အတွင်းရှိ ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်သည်။ ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုအများဆုံးရရှိသည့်ပြိုင်ပွဲဝင်အား တံခွန်စိုက်ဆု ချီးမြှင့်သွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဖုန်း ၀၉-၂၀၁၉၃၉၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



# တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

တောင်ငူ ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တောင်ငူခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများသည် တောင်ငူခရိုင်အတွင်း ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ(GRF)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖြူးမြို့နယ် ဝဲဒေါင့်- မင်းကံရိုးလမ်း (၀/ ၆.၇မိုင်) ကျောက်လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ တောင်ငူမြို့နယ် အင်ဒိုင်း-ချောင်းဖြူ-ပဲချက်ကုန်းလမ်း (၀/၂.၅မိုင်) ကျောက်ချောခင်းခြင်းလုပ်ငန်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု၊ ရေတာရှည်မြို့နယ်အတွင်း သပြေတန်း-ထန်းကုန်း-ဇလုပ်ကြီးလမ်းပေါ်ရှိ ရှာဝင်တံတား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



ရေဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်စဉ်။

ရေဝဦးသာ

# အင်္ဂပူမြို့၌ ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်

အင်္ဂပူ ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့တွင် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းတွင်ပို့ချမည့်သင်ခန်းစာများ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သနင်္ဘေ/အရန် ၃၅ ဦးဖြင့် ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့



သင်ခန်းစာများပို့ချမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ဒို့ညီနောင်ထု တည်ထောင်ပြု
## ပြည်ထောင်စုအတွက် လက်ချင်းဆက်



မန္တလေးတိုင်းဒေသကြီး သာစည်မြို့ရှိ မြို့မဈေးကြီးတွင် ဇန်နဝါရီ ၂၆ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်တို့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ICJ ကြားနာပွဲတွင် မြန်မာနိုင်ငံကိုယ်စား သွားရောက်ဖြေရှင်းနေသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော Agent of Myanmar အဖွဲ့အား ပြည်သူတစ်ရပ်လုံးအနေဖြင့် အားပေးထောက်ခံလျက်ရှိသည်ကို ဝမ်းသာဂုဏ်ယူဖွယ် မြင်တွေ့ရပါသည်။

အဖွဲ့အစည်းအသီးသီးမှ လူမှုကွန်ရက်ပေါ်တွင် ထောက်ခံအားပေးသည့် Post များ ရေးသားခြင်း၊ ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ မြေပြင်ထောက်ခံပွဲများပြုလုပ်ခြင်းများကို မည်သူ့တိုက်တွန်းချက်မှ မပါဘဲ အားတက်သရော လုပ်ဆောင်နေကြသည်ကို လေးစားဂုဏ်ယူဖွယ် အသိအမှတ်ပြုပါသည်။

သို့ရာတွင် Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ တရား ရင်ဆိုင်ဆဲကာလဖြစ်သဖြင့် အားပေးထောက်ခံမှုများအား လူမှုကွန်ရက်ပေါ်တွင်လည်းကောင်း၊ အဖွဲ့အစည်းများမှ မြို့/ရွာ အသီးသီးတွင် ထောက်ခံပွဲများပြုလုပ်ရာတွင်လည်းကောင်း အောက်ပါအချက်များအား အထူးသတိပြု လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ICJ တရားရုံးနှင့် တရားသူကြီးများအား ဝေဖန်ပုတ်ခတ်ခြင်း၊ ဖိအားပေးသည့်သဘော ရေးသားပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြပါရန်။

(၂) လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများ ရေးသားပြောဆိုခြင်း၊ လက်ကိုင်ဆိုင်းဘုတ် ပြုလုပ်ခြင်းများ မပြုလုပ်ကြပါရန်။

(၃) တိုင်းရင်းသား အမျိုးအမည်တွင် မပါဝင်သည့်၊ တိုင်းရင်းသားအဖြစ် မသတ်မှတ်ထားသည့် လူမျိုးအမည်အား သုံးစွဲပြီး ထိုအမည်အား အမုန်းစကား (Hate Speech) များ မပြုလုပ်ကြပါရန်။

(၄) Agent of Myanmar အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေများနှင့်အညီ သက်သေ အထောက်အထားခိုင်လုံစွာဖြင့် တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းနေကြောင်းကိုသာ ထောက်ခံရေးသား ပြောဆိုကြပါရန်။

သတင်းအဖွဲ့

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဝိနယပဋိပန္နစာအောင်ဆု ဆက်ကပ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် (၂၉) ကြိမ်မြောက် ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ကြီးမှူးကျင်းပသော ဝိနယပဋိပန္နစာအောင်ဆု ဆက်ကပ်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် အတုလအောင်ဇေယျ ဆုတောင်းပြည့်စေတီတော် (ဦးဘိုးလှဘုရား) သာသနာ့ဗိမာန်၌ ကျင်းပသည်။

ဝိနယပဋိပန္နစာမေးပွဲတွင် ပထမကြီးတန်း ရှစ်ပါး၊ ပထမလတ်တန်း အပါး ၃ဝ၊ ပထမငယ်တန်း ၂၂ ပါး၊ အခြေပြုမူလတန်း ၉၄ ပါး၊ သာမဏေတန်း ၇၁ ပါး စုစုပေါင်း ၂၂၅ ပါး အောင်မြင်တော်မူကြကြောင်း သိရသည်။

ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်းနှင့် သာမဏေတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိတော်မူကြသော သံဃာတော်အရှင်မြတ်များအား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့်



တာဝန်ရှိသူများက စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ကြွရောက်လာသော ဆရာတော် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများလှူဒါန်းခြင်း၊ စာအောင်သံဃာတော်များအား သင်္ကန်းလှူဒါန်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**နေမျိုးအောင်**

## သန်လျင်ကျိုက်ခေါက်စေတီ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပမည့် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို ဇန်နဝါရီ ၃ဝ ရက် နံနက်ပိုင်းတွင် စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဆရာတော်ကြီးများကအနေကဇာတင်တော်မူကြပြီး အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၃ နာရီတွင် စေတီတော်ရင်ပြင်၌ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၃၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်သည်။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့တွင် ရပ်နီးရပ်ဝေးမှ ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုကြသည့် အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၄၂၀၁၈၉၆၄၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ရောဝတီအသင်း သုံးမှတ်ဖြတ်ဦးဆောင်

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)ကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်ကကျင်းပရာ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ရောဝတီအသင်းက လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းကို သုံးမှတ်ဖြတ်ပြီး ဦးဆောင်လျက်ရှိသည်။

ပွဲစဉ် ၁၇ တွင် ရောဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ သစ္စာအားမာန်အသင်းက Young Lionesses အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့က နှစ်ဂိုးစီသရေ၊ YREO အသင်းနှင့် မြဝတီအသင်းတို့က တစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ပြိုင်ပွဲပြီးဆုံးခါနီးတွင် ဆက်တိုက်ခြေချော်ပြီး နှစ်ပွဲဆက်တိုက်သရေကျခဲ့သဖြင့် ရောဝတီအသင်းနှင့် သုံးမှတ်ပြတ်သွားခဲ့သည်။ သို့သော် ချန်ပီယံဆုကာကွယ်ခွင့်ရှိသေးပြီး ရောဝတီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲတွင် အနိုင်ကစားနိုင်ပါက ရမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် ဗိုလ်စွဲမည်ဖြစ်သည်။ သုံးမှတ်အသာရထားသည့် ရောဝတီအသင်းမှာမူ သရေကစားနိုင်ရုံဖြင့် ချန်ပီယံဆုကို ပထမဆုံးရယူနိုင်မည်ဖြစ်သည်။

ပွဲစဉ်(၁၇) အပြီးတွင် ရောဝတီအသင်းက ၃၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၃၆ မှတ်၊ သစ္စာအားမာန်အသင်းက ၃၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၀၊ ရှမ်းယူနိုက်တက်အသင်းက ၂၄ မှတ်၊ YREO အသင်းက ၁၂ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ရှစ်မှတ်၊ ရန်ကုန်စီးတီးအသင်းက တစ်မှတ်ရရှိထားသည်။ နောက်ဆုံးပွဲစဉ်(၈)ကို ဇန်နဝါရီ ၃၀ရက်၊ ၃၁ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့၏ ချန်ပီယံဆုအဆုံးအဖြတ်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ **ကိုညီလေး**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

### ဒေါက်တာချိုချိုတင့်(မြန်မာစာ)၏ "မြန်မာပြောစကား စကားပန်းအိမ်" စာအုပ်ထုတ်ဝေ



နှစ်ပေါင်းထောင်ချီ ကြာမြင့်ခဲ့ပြီဖြစ်သော မြန်မာစာပေ ပန်းဥယျာဉ် အိမ်ကြီးထဲတွင် မြန်မာပြောစကား စကားပန်းများသည် အမျိုးအစား အရောင်အသွေးစုံလင်စွာဖြင့် လန်းစွင့်ဝေဆာ အသုံးဝင်လျက်ရှိနေကြပုံကို "မြန်မာပြောစကား စကားပန်းအိမ်"ဟု တင်စားသုံးနှုန်း ခေါင်းစဉ် တပ်လိုက်ခြင်းဖြစ်ပေသည်။

မြန်မာတို့သည် အချင်းချင်းနားလည်လွယ်သော အဓိပ္ပာယ်ရှိသော စကားလုံးများကို အသုံးပြုကာ မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်ကို နှစ်ပေါင်းထောင်ချီပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ မြန်မာပြောစကားများသည်လည်း ပရိယာယ်ကြွယ်ဝသော အနက်အဓိပ္ပာယ်များစွာဖြင့် မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံများ၊ အတွေ့ အကြုံ အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းများကို ဖော်ညွှန်းပြဆိုနေပါသည်။

မြန်မာအက္ခရာ၊ မြန်မာစာ၊ မြန်မာပြောစကားများကို စုံစုံလင်လင် ပေါ့ပေါ့ပါးပါး လေ့လာဖတ်ရှုရန် အများသုံးစာအုပ်စာတမ်း ရှားပါးလှသည့်အတွက် ဤစာအုပ်ပါဆောင်းပါးများအရ မြန်မာစာပေကို စိတ်ဝင်စားချစ်မြတ်နိုးသော စာဖတ်သူများအတွက်လည်း အကျိုးရှိစေမည်။ မြန်မာစာပေကို စတင်လေ့လာသင်ယူမည့် ပြည်တွင်း ပြည်ပ ကျောင်းသား ကျောင်းသူများအတွက်လည်း အသုံးဝင်စေမည်ဟု ယုံကြည်ယူဆမိပါသည်။

အဆိုပါစာအုပ်သည် မြန်မာစာပေလောကအတွက်လည်းကောင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအတွက်လည်းကောင်း မြန်မာစာပေကို စိတ်ဝင်တစား လေ့လာနေကြသော နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ သုတေသီများအတွက်လည်းကောင်း အထူးအသုံးဝင်မည်ဟု ယုံကြည်ယူဆပါသဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ဖုန်း-၀၉-၈၈၃၄၈၃၇၁၈၊ ၀၉-၉၇၃၆၅၃၆၂၅ က ရောင်းဈေးငွေကျပ် ၁၂၀၀၀ ကျပ်ဖြင့် ဝူဖရီစက္ကူဖြူချော ရောင်စုံသရုပ်ဖော်ပုံများနှင့် ခန့်ခန့်သန့်သန့် ထုတ်ဝေဖြန့်ချိလိုက်သည်။

## ပခုက္ကူမြို့နယ်၌ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသက်ထွန်းနိုင်က ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

ဆက်လက်၍ အုပ်စုပထမပွဲစဉ်အဖြစ် အမှတ်(၆)ရပ်ကွက် အသင်းနှင့် Brother FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Brother FC အသင်းက ခြောက်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ အုပ်စုပွဲစဉ်ပြိုင်ပွဲများ၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် တတိယဗိုလ်လုပွဲနှင့် ဖေဖော်ဝါရီ ၁၂ ရက်



တွင် ဗိုလ်လုပွဲစဉ်များ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

❂ **မြန်မာမှ**

ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ် ၂၀ ဖြင့် စုစုပေါင်း ဆုတံဆိပ် ၅၉ ခုကို ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံမှ မသန်စွမ်း အားကစားအဖွဲ့သည် ပြိုင်ပွဲဝင် အာဆီယံ ၁၀ နိုင်ငံတွင် အဆင့်(၆) နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အားကစားကဏ္ဍဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင် ပေးခဲ့ကြသော မသန်စွမ်း အားကစားသမားများသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် အားကစားဝါသနာရှင် မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ အောင်သပြေ ပန်းစည်းများနှင့် စံပယ်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထိုကဲ့သို့ အောင်မြင်မှု ဆုတံဆိပ်များ ပွေ့ပိုက်ယူဆောင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်း အားကစားသမားများနှင့် တာဝန်ရှိသူတို့၏ ဝမ်းမြောက်ဂုဏ်ယူဖွယ် ဝမ်းသာ ပီတိစကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်-

**ဗိုလ်ချုပ်လှမိုး**
**မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ**

ကျွန်တော်တို့ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ် အနေနဲ့ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲမှာ အားကစားနည်း ၁၁ မျိုးမှာ အားကစားသမား ၉၇ ဦး ပြိုင်ပွဲဝင်ခဲ့ပါတယ်။ ဆုတံဆိပ်အနေနဲ့ ရွှေ ၂၀၊ ငွေ ၁၉ ခုနဲ့ ကြေး ၂၀ စုစုပေါင်း ၅၉ ခုရရှိခဲ့တာကြောင့် နိုင်ငံအလိုက်အနေနဲ့ အဆင့် (၆)မှာ ရှိပါတယ်။ ၂၀၀၈ နောက်ပိုင်းက စပြီး ရွှေတံဆိပ်ဆုတွေ ပိုမိုရရှိလာအောင် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်အနေနဲ့ ပြုပြင်ပြောင်းလဲမှုနှင့်အတူ နည်းစနစ်ပိုင်းဆိုင်ရာပြောင်းလဲမှုနဲ့ လေ့ကျင့်မှုပိုင်းကိုလည်း ပိုမိုအားထုတ်ခဲ့တဲ့အတွက် တိုးတက်လာမှုကို တွေ့ရပါတယ်။ အထူးသဖြင့် ဘော်လီဘောအားကစားနဲ့ ယခင်ပြိုင်ပွဲကတည်းက ရွှေမျှော်မှန်းခဲ့တာပါ။ ၂၀၂၄ ခုနှစ်မှာ ပိုပြီး အားထုတ် လေ့ကျင့်ခဲ့တာကြောင့် ဒီပြိုင်ပွဲမှာ မျှော်မှန်းထားတဲ့ရွှေကို ထိုက်ထိုက်တန်တန်နဲ့ ရခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

ဘောလုံးမှာလည်း ကျန်တဲ့နိုင်ငံတွေကို နိုင်ခဲ့ပေမယ့် အိမ်ရှင်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့အတွက် ငွေပဲရခဲ့ပါတယ်။ ကျန်တဲ့ အားကစားနည်းဖြစ်တဲ့ ပြေးခုန်ပစ်မှာ ရွှေ ၁၄ ခု မှန်းထားပေမယ့် ၁၁ ခုရခဲ့တယ်။ ရေကူးမှာ ရွှေလေးခုမှန်းထားပေမယ့် ရှစ်ခုရခဲ့တယ်။ ကျန်တဲ့အားကစားတွေမှာ ငွေနဲ့ကြေးတံဆိပ်ဆုတွေ အသီးသီးရရှိခဲ့ပါတယ်။ ပြိုင်ပွဲမှာ အောင်မြင်ရမယ်ဆိုတဲ့ စိတ်နဲ့ ကြိုးစားခဲ့ပြီး တပ်မတော်သားဖြစ်တဲ့အတွက် တပ်မတော်က လေ့ကျင့်ပေးတဲ့အပေါ် အခြေခံပြီး အားကစားသမားတွေကို လေ့ကျင့်ပေးရာမှာ စနစ်တကျလေ့ကျင့်ပေးခဲ့ပါတယ်။ အောင်မြင်မှု ရရှိဖို့ဆိုရင် လေ့ကျင့်မှုဟာ အဓိကကျပါတယ်။ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လေ့ကျင့်သားပြည့်ဝခဲ့တဲ့အတွက် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်အနေနဲ့ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစား ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ၂၀ အပါအဝင် ဆုတံဆိပ် ၅၉ ခုကို အားကစားကဏ္ဍအနေနဲ့ နိုင်ငံဂုဏ်ကို ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။



ဗိုလ်ချုပ်လှမိုး



ညီညီလင်းထက်



ဝေယံမင်း



အောင်မြင့်မြတ်

**ညီညီလင်းထက် (ရေကူး အားကစား၊ ရွှေတံဆိပ် ၄ ခု)**

ကျွန်တော်က ရေကူးအားကစားနည်းဖြစ်တဲ့ မီတာ ၂၀၀၊ မီတာ ၁၀၀၊ မီတာ ၅၀ အလွတ်ကူးနဲ့ မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်လေးခု ရရှိခဲ့ပါတယ်။ ပြိုင်ပွဲအတွက် နည်းပြများရဲ့ သင်ကြားမှုကို စနစ်တကျ လိုက်နာ ဆောင်ရွက်ခဲ့တာဖြစ်တဲ့ အတွက် အောင်မြင်မှုရရှိခဲ့တာပါ။ အဓိက ယှဉ်ပြိုင်ရတာက ထိုင်းနိုင်ငံပါ။ အိမ်ရှင်နိုင်ငံကိုကျော်ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့တဲ့ အပေါ် နိုင်ငံအတွက် ဖော်မပြနိုင်အောင် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆက်လက်ကျင်းပမယ့် ပြိုင်ပွဲတွေမှာလည်း နိုင်ငံ့ဂုဏ်ဆောင်ဆုတွေ ဆွတ်ခူးနိုင်အောင် ဆက်လက်ကြိုးစားသွားဖို့ အသင့်ရှိနေပါတယ်။

**ဝေယံမင်း(ဘောလုံးအားကစား၊ ငွေတံဆိပ်ဆု)**

ကျွန်တော်က ခုနစ်ဦး တစ်ဖွဲ့ ယှဉ်ပြိုင်ရတဲ့ ဘောလုံးပြိုင်ပွဲငါးသင်းပတ်လည် အုပ်စုပြိုင်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ဖိုင်နယ်ကို ရောက်ခဲ့တယ်။ ဗိုလ်လုပွဲမှာ အိမ်ရှင်ထိုင်းနိုင်ငံကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးခဲ့တာကြောင့် ဒုတိယဆု ငွေတံဆိပ်ရခဲ့ပါတယ်။ ပြိုင်ပွဲမှာ သင်ခန်းစာအနေနဲ့ ပြိုင်ဘက်ကို အထင်မသေးဖို့၊ အခုထက်ပိုပြီး အားကြိုးမာန်တက် ကစားသွားဖို့ လိုပါတယ်။ ရွှေတံဆိပ်မရခဲ့ပေမယ့် နိုင်ငံအတွက် ဒုတိယဆုကို ဆွတ်ခူးပေးနိုင်ခဲ့မှုအတွက် အသင်းအားလုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါတယ်။



စည်သူထက်



ရန်လင်းအောင်



ဇော်မိုးအောင်

**အောင်မြင့်မြတ်**
**ရေကူးအားကစား၊ ရွှေတံဆိပ်ဆု**

ကျွန်တော်က ရေကူးပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့တာပါ။ မီတာ ၂၀၀ အလွတ်ကူးမှာ ကြေးတစ်ခု၊ မီတာ ၁၀၀ အလွတ်ကူးမှာ ကြေးတစ်ခု၊ ပက်လက်မီတာ ၅၀ မှာ ရွှေတစ်ခု ရရှိခဲ့ပါတယ်။ ယခုလို အောင်မြင်မှုရရှိအောင် မသန်စွမ်း အားကစားအဖွဲ့ချုပ်မှာ ရှစ်လနီးပါး လေ့ကျင့်ခဲ့ပါတယ်။ အထူးသဖြင့် ပြိုင်ပွဲအတွက် ထွက်ခွာစဉ်မှာ ကတိပေးခဲ့တဲ့အတိုင်း ရွှေတံဆိပ်ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ အဓိကအိမ်ရှင်နိုင်ငံ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့ကို ကျော်ဖြတ်ဖို့မလွယ်ပေမယ့် နိုင်ငံအတွက် ရွှေကိုရမယ်ဆိုတဲ့ စိတ်နဲ့အားသွန်ခွန်စိုက် ကြိုးစားခဲ့တဲ့အတွက် ရွှေတံဆိပ်ရရှိခဲ့ပါတယ်။ ကျေနပ်လားဆိုတော့ ရွှေအားလုံးမရတဲ့အတွက် ကျေနပ်မှုမရှိပါဘူး။ ဒါပေမယ့် ထပ်ပြီး ကြိုးစားသွားရမယ်ဆိုတဲ့ စိတ်ခွန်အားတွေတော့ ရရှိခဲ့ပါတယ်။ နည်းစနစ်ပိုင်းဆိုင်ရာ အခုထက် ပိုမို လေ့ကျင့်ဆောင်ရွက်သွားမယ်လို့လည်း ဆုံးဖြတ်ထားပါတယ်။ နိုင်ငံတော်က မနှစ်ကလိုပဲ ထိုက်တန်စွာ ဆုချီးမြှင့်မယ်လို့ သိထားရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

**စည်သူထက် (ပြေးခုန်ပစ်၊ ရွှေ)**

ကျွန်တော်က ပြေးခုန်ပစ် အားကစားနည်းဖြစ်တဲ့ လုံတံပစ်မှာ ရွှေရခဲ့ပြီး သံလုံးပစ်မှာ ငွေရခဲ့ပါတယ်။ ပြိုင်ပွဲအတွက် နှစ်နှစ် ကြိုးကြိုးစားစား လေ့ကျင့်ခဲ့တဲ့အတွက် ကျွန်တော့်ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒကို ရရှိခဲ့တာကြောင့် ဖော်မပြတတ်အောင် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ကို အဘက်ဘက်က ကူညီပေးခဲ့ကြသူအားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ လေဆိပ်မှာ အဖွဲ့အား ဆုချီးမြှင့်ပေးတဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ရန်လင်းအောင်(ထိုင်လျက် မသန်စွမ်းဘော်လီဘော၊ ရွှေ)**

ကျွန်တော်တို့ ရွှေရဖို့ အမာခံနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို ကျော်ဖြတ်ပြီးမှ ထိုက်ထိုက်တန်တန် ရွှေတံဆိပ်ရခဲ့တာပါ။ ကျွန်တော်တို့အသင်း ရွှေနဲ့ကင်းကွာနေတာကြာပါပြီ။ အခုလို အိမ်ရှင်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို ကျော်ဖြတ်နိုင်ခဲ့တယ်ဆိုတဲ့ စိတ်ဟာ ဘာနဲ့မှ မတူတဲ့ ကြည်နူးဝမ်းသာမှုပါ။ အခုထက်ပိုပြီး ကြိုးစားသွားမှာပါ။ နောက်နှစ်ပြိုင်ပွဲတွေမှာလည်း လက်ရှိချန်ပီယံကို ဆက်လက်ကာကွယ်သွားမယ်လို့ ဆုံးဖြတ်ထားကြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အားပေးခဲ့ကြတဲ့ မြန်မာနိုင်ငံက ပရိသတ်များကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။

**ဇော်မိုးအောင်(ထိုင်လျက် မသန်စွမ်းဘော်လီဘော၊ ရွှေ)**

ကျွန်တော် ယှဉ်ပြိုင်လာတဲ့ ပြိုင်ပွဲတွေထဲမှာ အခုပြိုင်ပွဲဟာ ကျွန်တော့်ဘဝမှာ အပျော်ဆုံးပါ။ ထိုက်ထိုက်တန်တန်နဲ့ ရရှိခဲ့တာကြောင့်မို့ပါ။ ပြိုင်ပွဲအတွက် အုပ်ချုပ်သူနဲ့ နည်းပြဆရာတွေ လမ်းညွှန်မှုအတိုင်း ယှဉ်ပြိုင်ခဲ့တာဖြစ်တဲ့အတွက် အခုလို အကောင်းဆုံး နိုင်ငံတွေကို ကျော်ဖြတ်ပြီး နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့တာပါ။ ၁၉၉၀ ပြည့်နှစ်ကတည်းက ပျောက်ကွယ်နေတဲ့ရွှေကို ၂၀၂၆ ခုနှစ်မှာ ပြန်လည်ရရှိခဲ့တဲ့အတွက် ထိုင်လျက်ဘော်လီဘော အားကစား သမားတစ်ဦးအနေနဲ့ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

အဆိုပါအောင်ပွဲရ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်
ဓာတ်ပုံ - မောင်သီဟ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ချီးမြှင့်စဉ်။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအသင်းမှ အားကစားသမားများအား ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများအား ဒွန်မောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်



ရန်ကုန် ဇန်နဝါရီ ၂၇

အောင်ပွဲရ မြန်မာမသန်စွမ်း အားကစားအသင်းမှ အားကစားသမားများအား ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုများက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများကို ဒွန်းမောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်သည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမားမြို့တို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ စုစုပေါင်းဆုတံဆိပ် ၅၉ ခု တို့ကို ဆွတ်ခူးရယူပေးခဲ့သည့် နိုင်ငံကိုယ်စားပြု အားကစားသမားများအတွက် ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများက လှိုက်လှဲဂုဏ်ယူစွာ ချီးမြှင့်သည့်အနေဖြင့် မသန်စွမ်း အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု တစ်ခုစီအတွက် (တစ်ဦးချင်း/အသင်းလိုက်) ထိုင်းဘတ် တစ်သိန်းစီကို သံအမတ်ကြီး ဦးဇော်ဇော်စိုးက လည်းကောင်း၊ ငွေတံဆိပ်ဆု တစ်ခုစီအတွက် (တစ်ဦးချင်း/ အသင်းလိုက်) ထိုင်းဘတ် ငါးသောင်းစီကို စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဝင်းသူလင်းကလည်းကောင်း၊ ကြေးတံဆိပ်ဆု တစ်ခုစီအတွက် (တစ်ဦးချင်း/ အသင်းလိုက်) ထိုင်းဘတ် သုံးသောင်းစီကို သံမှူးကြီး ဦးစိုးသူဟိန်းက လည်းကောင်း၊ စုစုပေါင်း ရွှေ ၂၀၊ ငွေ ၁၉ ဆုနှင့် ကြေး ၂၀ တို့အတွက် ထိုင်းဘတ် ၃၅ သိန်း ၅ သောင်းကို ဗန်ကောက်မြို့ ဒွန်မောင်းလေဆိပ်တွင် ချီးမြှင့်ပေးအပ်သည်။

ထို့အတူ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ရိုးရာခြင်းလုံးနှင့် ဘိလိယက်ပြိုင်ပွဲများတွင် ရရှိသည့် ရွှေတံဆိပ်ဆု တစ်ခုစီအတွက် ထိုင်းဘတ် သုံးသိန်းစီဖြင့် ထိုင်းဘတ် ကိုးသိန်းကို ချီးမြှင့်ခဲ့သဖြင့် ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုများ၏ ချီးမြှင့်ငွေ စုစုပေါင်း ထိုင်းဘတ် ၄၄ ဒသမ ၅ သိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦး မြန်မာ - ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ခြောက်ဦး၊ တောင်အာဖရိကနိုင်ငံသားလေးဦး၊ နီပေါနိုင်ငံသား လေးဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ဆီလီရာလီယွန်နိုင်ငံသား တစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ တန်ဇန်းနီးယားနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦးနှင့် တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Staff of Embassy Mr. Sajal Shakya နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ဆီလီရာလီယွန်နိုင်ငံ၊ မာလဝီနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ဇင်ဘာဘွေနိုင်ငံနှင့် တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၇၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(တောင်ငူ)၌ (၉)ကြိမ်မြောက် မဟာအင်ဂျင်နီယာဘွဲ့နှင့် အကြိမ်(၂၀)မြောက် အင်ဂျင်နီယာဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

တောင်ငူ ဇန်နဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် နည်းပညာတက္ကသိုလ် (တောင်ငူ)၌ (၉)ကြိမ်မြောက် မဟာအင်ဂျင်နီယာဘွဲ့နှင့် အကြိမ်(၂၀)မြောက် အင်ဂျင်နီယာဘွဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ်က မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ ၁၈ ဦးနှင့် အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၄ ဦးအား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်း၍ ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

ကျိုက်ထို ဇန်နဝါရီ ၂၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကျိုက်ထိုခရိုင် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



ကွင်းဆင်း စစ်ဆေးရာတွင် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ၄၃ ဒသမ ၂ သန်းဖြင့် ကျိုက်ထိုခရိုင် သက်သေခံပစ္စည်းထိန်းသိမ်းထားသိုမှု အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရန်ပုံငွေကျပ် ၈၇၄ ဒသမ ၃၄ သန်းဖြင့် ကျိုက်ထိုခရိုင်ရဲ တပ်ဖွဲ့ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ဧပြီ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ သက်သေခံပစ္စည်း ထိန်းသိမ်းထားသိုမှု အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးခြင်းနှင့် ရဲတပ်ဖွဲ့ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ နှစ်ထပ်သံကူ ကွန်ကရစ်တစ်လုံး တည်ဆောက်ခြင်းမှာ ၅၁ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ သိမ်ကျောင်းလမ်း၊ အိမ်အမှတ်(၂၅)၊ အကွက်အမှတ်(၂၀)၊ ပန်းခြံကွက်၊ ဦးပိုင်အမှတ်(၄/ခ)၊ ဧရိယာ(၀.၀၄၃)ဧက အကျယ်ရှိ ဦးဇော်မင်း၊ ဒေါ်မြင့်မြင့်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူများဖြစ်သော ဦးဇော်မင်း(ဘ)ဦးခင်မောင်ကြီး [၁၂/သလန(နိုင်)၀၇၈၂၉၃]၊ ဒေါ်မြင့်မြင့်အေး(ဘ)ဦးအေးမောင် [၁၂/သလန(နိုင်)၀၇၆၈၆၃] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှထွေး [၁၂/လသယ(နိုင်)၁၀၉၇၀၈] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့် သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ အောင်တော်မူလမ်း၊ တိုက်အမှတ် (၁၈)၊ ၃–လွှာ (ဒုတိယထပ်) တွင် နေထိုင်ခဲ့ကြသည့် (ဘ) ဦးစိုးမြင့်၏သား အဗ္ဗဒူလ်ရရှစ် (ခ) မောင်ဝင်းကိုနိုင် [၁၂/စခန (နိုင်) ၀၇၆၆၉၂] နှင့် (ဘ) ဦးခင်မောင်လှ ၏ သမီး ဆိုဖီယာဘီ (ခ) မခင်သန္တာမောင် [၁၂/စခန (နိုင်) ၀၇၀၈၈၅] တို့သည် (၂၀၁၇) ခုနှစ်မှစ၍ အစ္စလာမ်တရားတော်နှင့်အညီ ထိမ်းမြားလက်ထပ်ပြီး ပေါင်းသင်းနေထိုင်ခဲ့ရာ သား(၂)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါတွင် ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သောကြောင့် (၂၅–၁–၂၀၂၆)နေ့တွင် "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ပြုလုပ်၍ ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် အစ္စလာမ်တရားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြီးအပြတ်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးအပါအဝင် မည်သည့်ကိစ္စရပ်တွင်မှ မည်သို့မျှ ပတ်သက်သက်ဆိုင်ခြင်း လုံးဝ (လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆိုဖီယာဘီ(ခ)မခင်သန္တာမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မိုးမိုးအေး ဒေါ်စုလှိုင်ထွေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၄၅၂) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၂၅၃)**
**အခန်း (၁)၊ မြေညီထပ်၊ အမှတ်–၄၈/၅၀၊ ၃၆–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၅ ၃၄၁၄၊ ၀၉–၄၂၀၁၂၉၇၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၁၆၂၅)ရှိ ဦးတင်စိုးအမည်ပေါက် မြေချပါမစ်မူရင်းအပါအဝင် အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၂၆–၁–၂၀၂၆)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် စရန်ငွေပေးချေခြင်းကတိစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဘီပူရာနီဘဒူးဝါး(ခ)ဒေါ်နွဲ့နွဲ့ဝင်း [၁၃/ကလန(ဧည့်)၀၀၀၃၁၀]ကိုင်ဆောင်သူနှင့် ဒေါ်စန္ဒာအောင် [၈/ရနခ(နိုင်) ၀၀၁၂၁၉] ကိုင်ဆောင်သူတို့မှ ရောင်းချသူ ဦးစိုးညွှန့် [၇/ကမက(နိုင်)၀၅၈၉၄၁] အား စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ အဆိုပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ အပြီးသတ်ငွေချေပြီး တရားဝင်လက်ရောက် ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ဘီပူရာနီဘဒူးဝါး(ခ)ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဒေါ်စန္ဒာအောင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာအောင် LL.B,D.I.L,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၀၈၇/၂၀၁၇)**
**အမှတ်–၃၄၃၊ ရွှေပဒေသာလမ်း၊ (၂၆)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09–420117039**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊လူနေရပ်ကွက် အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၃၈၄/ခ)၊ မြေကွက်လိပ်စာအမှတ်(၃၈၄/ခ)၊ မာန်ပြေ(၉)လမ်းအနောက်၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်မေသူအောင်[၇/ပမန(နိုင်)၁၅၅၂၃၅]မှ ၎င်းအမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင် ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးကြည် [၇/ရတန(နိုင်)၀၁၀၈၀၈]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃)**
**ဒေါ်ဂျာရိန်အောင်ဘူ (LL.B) ဒေါ်သီသီဟန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၅၆၀) အထက်တန်းရှေ့နေ (စဉ်– ၅၆၂၁၇)**
**အမှတ်(၂၃၉)၊ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09–778434507, 09–794077590.**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ Diamond Inya Codominium ၏ အခန်းအမှတ်(၁၂–၁၈)၊ တိုက်အမျိုးအစား–DK–2, 1218၊ အကျယ်အဝန်း(3000)sqft အကျယ်ရှိ Condominium တိုက်ခန်းအား မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ လိုအပ်သလို စီမံခန့်ခွဲ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း အတိအလင်း ဝန်ခံကတိပြုသူ ဒေါ်လျှုရဲယုံ [၁၃/လကန(နိုင်)၀၂၈၆၃၈]ထံမှ ယင်းကွန်ဒိုတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လျှိအမ်ဟွေ [၁၃/လရန (နိုင်) ၁၁၉၅၈၆] က ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ယင်းကွန်ဒိုတိုက်ခန်းရောင်းဝယ်မှုနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပြီး ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၅၁၈၅)**
**အခန်းအမှတ်(၉)၊ ဝေဟင်လမ်း၊**
**ဝေဘာဂီ(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉–၇၈၃၆၆၇၅၂၂ ၊ ၀၉–၄၂၁၀၆၅၄၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ် (၂၀၈)၊ ဧရိယာ (၀. ၀၅၅ ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၀၈)၊ ဝါရှောင်လမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ယူကွဲလင် [၁၃/လကန(နိုင်) ၀၀၈၁၆၀] အမည်ပေါက်ပြီး ယင်းအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သန်းရွှေ [၉/အမဇ(နိုင်)၀၁၄၁၁၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ**
**LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၂၉၇)၊ ဧရိယာ (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်ယဉ်နု (RGN–၀၀၀၂၂၉) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးအောင်မျိုးဝင်း [၈/စလန(နိုင်) ၁၂၂၀၇၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်ပိုင်ကို (LL.B) ဦးမင်းခန့်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၆၂) အထက်တန်းရှေ့နေ (စဉ်–၅၅၈၁၉)**
**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇–ရပ်တွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၆၀၈၅၉၄၊ ၀၉–၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(309) $B_2$၊ တတိယထပ်၊ 4–လွှာ(ညာ)၊ အကျယ်အဝန်း (၁၂ပေခွဲ x ၄၅ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးနေဝင်း [၁၂/ လမန (နိုင်)၁၇၀၉၄၇] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိသိန်း**
**LL.B(Q), LL.M, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်–၄၃၁၀၅)**
**အမှတ်(၂၈၈)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–420108300. 09–786172758**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် (၄၈၅/ခ)နေ ဒေါ်လှလှဆွေ[၁၂/မရက(နိုင်) ၀၉၈၁၃၇]၏သမီးဖြစ်သူ မချို့ချို့(ခ)မမိုးချမ်းမွေ့[၁၂/လသယ(နိုင်)၀၇၃၄၃၉]သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ကာ ၎င်း၏သဘောဆန္ဒဖြင့် နေအိမ်မှထွက်ခွာသွားပါသဖြင့် မိခင်ဖြစ်သူမှ မချို့ချို့ (ခ) မမိုးချမ်းမွေ့အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စ မဆို မိခင်နှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း၊ တာဝန်လုံးဝ(လုံးဝ)မယူပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်လှလှဆွေ[၁၂/မရက(နိုင်)၀၉၈၁၃၇]**

## "ပတ်စ်ပို့ပျောက်"

(ဘ) ဦးဟုန်တုန်၏ သမီး ဒေါ်နီနီ [၁၂/ဗတထ(နိုင်)၀၂၉၉၈၇] ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း – ၀၉–၄၃၀၂၄၇၈၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀–၄ )၊ ဦးပိုင်အမှတ် (၈၄)၊ ၇၁x ၇၂ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်အောင် [၉/မရမ(နိုင်)၀၀၀၈၄၆] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၇၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းဦး [၁/ကမန (နိုင်) ၀၄၁၃၅၆ ]၊ ဒေါ်နန်းဟွမ်ဟတ် [၁၃/ကတန(နိုင်)၁၃၂၄၁၂] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်၊ အကွက်အမှတ် (ဟ –၄ )၊ ဦးပိုင်အမှတ်–(၁)၊ ၇၀x ၇၁ လမ်းကြား၊ ၁၁၆x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်သန်း[၇/ရတန (နိုင်)၀၄၁၆၂၄ ] ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၈၅၄၇/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်ယိန်း [၁၃/လရန (နိုင်)၀၇၃၅၇၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးရဲထွန်း၏ သား မောင်သီဟဇော် [၁၂/ဥကမ (နိုင်) ၂၃၅၇၅၆] ၏ နိုင်ငံကူးလက်မှတ် (MJ–530067) သင်္ဘောသားလက်မှတ် CDC 90228 All in one CKB090228 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း – ၀၉–၇၅၈၇၂၄၄၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ ယုဝတီ(၂)လမ်း၊ မြေကွက်အမှတ်(၄၈၃)၊ ဦးကျော်ထွန်း(EF–023833) [၁၂/ကသရ/၉၅(၈၉) နှစ်(၆၀)ဂရန်မူရင်းအမည်ပေါက်(၄၀x၆၀)ပေမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၂x၆၀)ပေရှိ မြေကွက်မှ နေအိမ်အပါအဝင် ယင်းနေအိမ်၌တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ရှိလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်ခင်မာကြူ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လွင်ဦး[၁၂/လမတ(နိုင်)၀၃၁၈၅၆]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်–၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ် (၁၅၃၄/၂၀၂၀) ဖြင့်နေရာချထားပေးသည့် အုပ်စုအမှတ် ( RA–2)၊ အကွက်အမှတ် (တ–၀၂)၊ မြေကွက်အမှတ် (၁၄၈၉)၊ ဧရိယာ (၄၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ ဒေါ်ချိုပြုံးအမည်ဖြင့် ယာယီမြေပေးမိန့် ရရှိထားသော မြေကွက်အား ရောင်းချသူ ဦးညီညီလွင် [၁၂/လသန (နိုင်) ၀၂၀၈၀၈] က မိမိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ယုံကြည်သဖြင့် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်မော် ( LL.B)**
**အထက်တန်းရှေ့နေ ( စဉ်–၅၄၆၇၂ )**
**အမှတ်(၆/၅၇၄)၊ ကနောင်လမ်းမကြီး၊ မြို့မ(၄)ရပ်ကွက်၊ ဒလမြို့။**
**ဖုန်း – ၀၉–၄၄၄၀၁၉၂၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၁) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၇၇)၊ အကွက်အမှတ် (၁၀)၊ သရက်တောအလယ်အကွက်၊ ဦးပိုင်အမှတ် (၂၄/၂) ဧရိယာ (၀.၀၂၅) ဧကရှိ ဦးမောင်ညိမ်းအမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ယင်းမြေကွက်အမည်ပေါက်ပိုင်ရှင် ဦးမောင်ညိမ်းမှ လွှဲပြောင်းရောင်းချလိုပါသဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်မိတ်ဆွေထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လပြည့်ဝင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်–၅၁၈၇၃)**
**အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၁၇၈)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်စိန်တင်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခင်မျိုးမင်း[၁၂/ဒဂရ(နိုင်)၀၁၁၈၄၉]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်သော်တာထွန်း[၇/ပမန(နိုင်)၁၁၄၂၁၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက် အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၉၇)**
**အမှတ်(၇၈၃) ၊ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃)၊ဗိုလ်ဖိုးဝင်း(၃)လမ်း၊မြေကွက်အမှတ် (၇၇၃)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်နိုင်နိုင်ယဉ်အမည်ပေါက်ဂရန်မြေအမျိုးအစားမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ x ၆၀)ပေ ဂရန်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးပါဝင်သော အဆောက်အအုံအားလက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မူမူဟန် [၁၂/ဥကတ(နိုင်)၁၇၉၂၄၈]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း (LL.B) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉–၇၇၆၅၅၁၁၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၂)၊ မြေကွက်အမှတ်(၃၅၅/ခ)၊ ကံ့ကော်လမ်း၊ အကျယ်အဝန်း(၂၀ပေx ၆၀ပေ)ရှိ **ဦးအောင်ကြည်** (SDG-၀၇၅၇၉၈)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးစိုးစံမင်း**[၁၂/ဒဂတ (နိုင်) ၀၉၀၈၈၈]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးအောင်ဝင်းမိုး** [၁၀/မလမ (နိုင်)၀၀၆၇၁၇] မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်းမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရီယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၁၅၆)၊ ဒေါ်ဥမ္မာဝေ [၁၃/မကန (နိုင်) ၀၆၂၇၀၄] (ဘ) ဦးရန်စူးရင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဥမ္မာဝေ [၁၃/မကန (နိုင်) ၀၆၂၇၀၄] (ဘ) ဦးရန်စူးရင်မှ ဒေါ်ဖြူသွယ်အေး [၉/ပမန (နိုင်) ၀၀၀၁၇၇] (ဘ) ဦးရွှေအေး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၃၂)၊ မြေကွက်အမှတ်(၇၃၂)၊ ဧရိယာ (၀.၀၅၈)ဧက၊ (၄၂'x ၆၀') အကျယ်အဝန်းရှိ ဦးသက်လွင်(၂) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအမျိုး အစားမြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း)၊ (၂၂'x ၆၀') အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၇၃၂)၊ ပြည်သာယာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင် ထားကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို သူ ဒေါ်ဖြိုးမင်းသန့် [၁၂/လမန(နိုင်) ၀၁၆၉၉၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သော ဦးတင်ထွဋ် [၁၂/သဃက (နိုင်) ၁၃၆၉၃၇] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကိုကိုဇော်** — **LL.B., W.I.P.O (Switzerland)** — **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၇၆၂)**

**ဒေါ်နှင်းဇာခြည်မြင့်** — **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** — **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၂၄၁)**

**အမှတ်- ၇၉၊ မြေညီ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၅၀၉၃၉၇၀၊ ၀၉-၅၄၀၉၉၀၇၊ ၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

## ပြင်ဆင်ရန်အတွက် လျှောက်ထားကြောင်းလျှောက်ထားမှု၊ လျှောက်ထားခံရသူသို့ ထုတ်ပေးသည့်အကြောင်းကြားစာ

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် - ၆၉**

ဦးတင်မောင်စိုး နှင့် ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
၂။ ဦးကျော်လှိုင်(ခ)ကျော်အောင်

**လျှောက်ထားသူ** — **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၈) ရပ်ကွက်၊ ကနောင်ကျောကပ်လမ်း၊ အမှတ်(၁၅၃)နေ လျှောက်ထားခံရသူ (၂) ဦးကျော်လှိုင်(ခ)ကျော်အောင် (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

၂၀၂၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၂၁၈ ၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးမှ ချမှတ်ပေးသည့်အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်လွှာတစ်စောင်ကို အထက်အမည်ပါ လျှောက်ထား သူက ဤရုံးတော်သို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့တွင် တင်သွင်းသည်ဖြစ်၍ အဆိုပါလျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ နံနက်(၉:၃၀)နာရီအချိန်တွင် ကြားနာရန်သတ်မှတ်ထားကြောင်း အကြောင်းကြားစာပေးပို့ပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၈၄၀)ဟုခေါ်တွင်သော ဦးကျော်ဆွေ [၁၂/ဗတထ (နိုင်)၀၂၇၅၁၀]အမည်ပေါက် မြေချပါမစ်အမျိုးအစား၊ အကျယ်အဝန်း(၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်အမှတ် (၈၃၉)နှင့်ကပ်လျက် (ပါမစ်မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်ချိုချိုမာ [၁၂/သဃက (နိုင်) ၀၂၅၁၃၆]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဒေါ်အေးအေးသန်း [၁၂/တမန (နိုင်) ၀၇၁၂၄၆]နှင့် ဒေါ်စန္ဒာမိုး [၁၂/အစန (နိုင်) ၀၆၄၁၁၀]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝတ်ရည်ဖြူ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၉၉)**

**အမှတ်(၉၀၇)၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**

**ဖုန်း-09-262479965**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၆၇၅)ဟုခေါ်တွင်သော ဦးအုန်းဖေ (TGK-၀၆၇၇၅၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစား အကျယ်အဝန်း (၄၁.၆x၆၀) ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(၂၁.၆x၆၀)ပေရှိ မြေကွက်အမှတ်(၆၇၆)နှင့်ကပ်လျက် (ဂရန်မူရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်စမ်းစမ်းမာ [၁၂/ဥကတ(နိုင်)၀၀၅၉၈၁]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်ကို [၁၂/ဆကန(နိုင်)၀၀၂၃၈၂]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝတ်ရည်ဖြူ (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၉၉)**

**အမှတ်(၉၀၇)၊ စိန်ပဒေသာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**

**ဖုန်း-၀၉-၂၆၂၄၇၉၉၆၅**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်ကိုမြင့် (ဘ) ဦးကျော်သိန်း [၅/အရတ(နိုင်)၀၈၄၅၀၉] ကိုင်ဆောင်သူနှင့် ဒေါ်စုကြည်နိုင်(ဘ)ဦးနု [၉/မကန(နိုင်)၁၀၈၇၅၅] ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါ၍ (၃၀-၁၀-၂၀၂၅)ရက်စွဲပါ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"တွင် လက်မှတ်ရေးထိုး ပြုလုပ်ချုပ်ဆို ပြီးစီးပြီးဖြစ်ပါ ကြောင်းနှင့် ကွာရှင်းပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**နှစ်ဖက်စလုံးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိဖြိုး**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၆၆၇)**

**အမှတ်-၂၄၄(က)၊ ၅/၄-ရပ်ကွက်၊ အင်ကြင်းပန်းခြံ (၂) လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၇၉၂၈၄၅၆၁၂၊ ၀၉-၉၅၅၇၈၇၇၇၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ City Loft Condo တိုက်အမှတ် (CL-7)၊ အခန်းအမှတ်(၂၀၈)၊ အခန်းအမျိုးအစား၊ (Studio) အကျယ်အဝန်း (၃၁၂) စတုရန်းပေရှိသော ကွန်ဒို တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်စပ်ဆက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ မိမိ သာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုင်း ကျော်ဇော [၉/နထက(နိုင်)၁၂၃၂၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးပိုပိုဇင် [၁၁/တကန(နိုင်)၀၇၇၂၈၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရည်မွန်ဦး [LL.B, D.B.L, WIPO(Switzerland)]**

**အထက်တန်းရှေ့နေ (စဉ်-၅၀၄၄၇)**

**အမှတ်(၈၂၄)၊ တိမ်ညိုလမ်း၊ (၉)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၆၄၈၉၁၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ယင်းမာလမ်း သွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၈၅၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဒေါ်ခင်စန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက် ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏(ခြေရင်း)ဘက်အခြမ်း၊ အကျယ် အဝန်း(၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မာဦး [၅/စကန(နိုင်)၁၇၉၈၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုး ငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်လင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**

**အမှတ်(၅၀)မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ကုလားကြီးကုန်းကျေးရွာ၊ ကွင်းအမှတ်-၅၉၀(A)၊ ကွင်းအမည်-မှော်ဘီ(မြောက်)၊ ဦးပိုင်အမှတ်-N ၅၅ ဧရိယာ-၀.၉၀ ဧက၊ ဦးလှသိန်းအမည်ဖြင့်တည်ရှိသော မြေအမျိုးအစား-N/G အား ပိုင်ဆိုင်မှုအဆက်ဆက်ဖြင့် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဆိုသော ဦးအောင် [၁၂/မဘန(နိုင်)၁၅၄၄၈၄] ထံမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်-A3၊ ရွှေစင်ရတနာလမ်း၊ ဧရိယာ-အလျား ၆၀ ပေx အနံ ၄၀ ပေရှိ မြေအမျိုးအစား-N/G မြေနှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်ဝင်း [၁၂/ဗဟန(နိုင်) ၀၁၉၉၆၉] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်နေ့မှ (၇) ရက် အတွင်း ခိုင်မာသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ပိုးအိဖြူ LL.B,D.B.L,D.I.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၇၈/၂၀၂၀)**

**အမှတ်(ကေ-၅)၊ ပိုက်လုံးလမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၉၇၈၉၂၁၂၆၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၆)၊ မြေကွက်အမှတ်(၄၃၆)၊ အကျယ်(အလျား၄၀ပေx အနံ၆၀ပေ)ရှိ ဦးတင်ထွန်းအမည်ဖြင့် ရရှိထားသောပါမစ်မြေကွက် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသောအကျယ်(အလျား၂၀ပေx အနံ၆၀ပေ)ရှိ မြေကွက်အမှတ်(၄၃၅)နှင့် ကပ်လျက် ရှိသော မြေကွက်နှင့်ယင်းမြေပေါ်ရှိအိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင် ထားပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်လင်း[၁၂/လသယ(နိုင်)၀၄၃၀၀၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်မြေနှင့်အိမ် တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၂၁၂)** | **(စဉ်-၅၆၅၆၆)** | **(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**Ph -၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၇၅၄)၊ မြေအကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်တင်ရီ [၁၂/ဥကတ(နိုင်) ၁၂၃၄၇၃]** အမည်ဖြင့်အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

